**မြဝတီ နေ့စဉ်**

ပြည်သူ့လက်ဝယ်အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၉)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ကြာသပတေးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ပါဝင်တက်ရောက်




တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့သို့ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၈ နာရီတွင် ပေကျင်းမြို့၊ Tian'anmen ရင်ပြင်၌ ကျင်းပပြုလုပ်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတကာမှဖိတ်ကြားထားသည့်နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှတက်ရောက်လာကြသည့်

**စာမျက်နှာ ၁၆ ကော်လံ ၄** ☆

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်)

## စည်းလုံးညီညွတ်မှုမှ ဖွံ့ဖြိုးတိုးတက်မှုဆီသို့...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E.Mr.Xi Jinping ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ်လ ၃၀ ရက်မှစတင်၍အလုပ်သဘောခရီးစဉ် သွားရောက်လျက်ရှိသည်။ ခရီးစဉ်တွင်အပိုင်းသုံးပိုင်းပါဝင်ရာ ပထမပိုင်းတွင် တီယန်ကျင်းမြို့၌ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးတက်ရောက်ခြင်း၊ ဒုတိယပိုင်းတွင် ပေကျင်းမြို့၌ကျင်းပသည့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခြင်းနှင့် တတိယပိုင်းတွင် ဟာပင်းနှင့်ချန်ဒူးမြို့သို့လေ့လာရေးခရီးစဉ်သွားရောက်ခြင်းတို့ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး (SCO SUMMIT 2025)ကျင်းပသည့် တီယန်ကျင်းမြို့သည် သမိုင်းတွင်ထင်ရှားသည့်မြို့ဖြစ်သည်။ ပေကျင်းနှင့်ကပ်လျက်အနီးဆုံးသောပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး တရုတ်နိုင်ငံမြောက်ပိုင်းတွင် အရေးကြီးဆုံးပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ တီယန်ကျင်းမြို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးကျင်းပခြင်းမှာ အဓိပ္ပာယ်ပြည့်ဝသည်ဟုဆိုနိုင်သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၂၀ ကျော်တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် SCO တွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် တရားဝင်အဆိုပြုထားပြီးဖြစ်သည်။

အဆိုပါအစည်းအဝေးတွင်မြန်မာနိုင်ငံအတွက် နိုင်ငံရေးအရအသိအမှတ်ပြုမှု၊ နိုင်ငံတကာရေးအရအသိအမှတ်ပြုမှု၊ မြန်မာနိုင်ငံတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တရုတ်နိုင်ငံအနေဖြင့် အသိအမှတ်ပြုပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ကူညီနိုင်မှု၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပြီးကူညီသွားမည်ဆိုသည့်အာမခံရရှိမှုစသော အကျိုးအမြတ်များရရှိခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးနှင့်တွေ့ဆုံချိန်တွင် မြန်မာနိုင်ငံမှာလိုအပ်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆက်လက်ရပ်တည်ကူညီပေးသွားမည်ဟုလည်း ပြောကြားခဲ့သည်။ ထို့ပြင် အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာမိုဒီနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲတမ်းရပ်တည်ပေးလျက်ရှိမှုများ၊ နိုင်ငံရေးအရအာမခံချက်ရှိမှုများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လုပ်ဆောင်ပေးနိုင်မှုများကိုဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် လာအိုနိုင်ငံသမ္မတကြီးနှင့်လည်း သီးခြားဆွေးနွေးနိုင်ခဲ့သည်။ လာအိုနှင့်မြန်မာတို့ဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍများကိုကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့သည်။ SCO အစည်းအဝေးတက်ရောက်စဉ် မလေးရှားနိုင်ငံဝန်ကြီးချုပ်အပါအဝင်အခြားခေါင်းဆောင်များနှင့်လည်း အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံအကြီးအကဲအနေဖြင့် ဒေသခေါင်းဆောင်များ၊ အိမ်နီးချင်းခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးရသည်မှာ အောင်မြင်မှုရှိသည့်တွေ့ဆုံဆွေးနွေးပွဲများဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အကျိုးများစွာဖြစ်ထွန်းစေသည့်ခရီးစဉ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ပြီး စက်တင်ဘာလ ၂ ရက်တွင် တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါ၍ ပေကျင်းမြို့သို့ရောက်ရှိခဲ့သည်။ ဒေသစံတော်ချိန်မွန်းတည့် ၁၂ နာရီတွင် ကျောင်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Han Zheng နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်အထောက်အကူပြုလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ခဲ့မှုနှင့် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့်သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကဖြေကြားရာတွင် **"ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားတွေကို တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့မှာ ဒီလိုမျိုးအခြေအနေကောင်းတွေရှိနေပါပြီ။ နိုင်ငံတကာမှာလည်း မြန်မာ့ရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဂရုစိုက်လာတဲ့၊ မြင့်မားလာနိုင်တဲ့ဟာတွေရှိနေပါပြီ။ ကျွန်တော်တို့လိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားအားလုံး တည်ငြိမ်အေးချမ်းရေးကိုလိုလားဖို့၊ စည်းလုံးညီညွတ်မှုကိုလိုလားဖို့၊ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကိုအကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုဆိုတဲ့စိတ်ဓာတ်နဲ့ပဲ ဆောင်ရွက်သွားဖို့"** ထည့်သွင်းပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် စည်းလုံးညီညွတ်မှုမှသည် အောင်မြင်သောဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဆက်လက်လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်လှစ်

ကျွန်းစု စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်မိုးလုံလေလုံအားကစားခန်းမ၌ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျွန်းစုမြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက သတ်မှတ်နေရာအသီးသီး၌နေရာယူကြ၍ အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်နုနုလွင်က အားကစားပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်အား ပြောကြားသည်။

ထို့နောက် ကျွန်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက ပန်းဖွားအကများဖြင့် ကပြဖျော်ဖြေ၍ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည် သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ကျွန်းစုအသင်းနှင့်မရမ်းချောင်းအသင်းတို့က စတင်ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါအားကစားပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးပြေးခုန်ပစ်၊ ဘော်လီဘောစသည့်အားကစားပြိုင်ပွဲများကို စက်တင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(၄၁၂)

## ကန့်ဘလူမြို့၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြော

ကန့်ဘလူ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကြိုတင်သတိပြုစရာဝက်များတွင်ဖြစ်ပွားတတ်သော အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိဦးမြတ်လင်းက အာဖရိကဝက်အပြင်းဖျားရောဂါနောက်ခံသမိုင်းကြောင်းနှင့်ရောဂါဖြစ်စေသည့်ပိုး၊ ရောဂါဖြစ်သောတိရစ္ဆာန်၊ ရောဂါကူးစက်ပျံ့နှံ့ခြင်း၊ ရောဂါလက္ခဏာများ၊ ရောဂါပိုးပျိုးချိန်၊ ရောဂါဖြစ်ပွားမှုအဆင့်ဆင့်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ သိရှိလိုသောမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါအာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ဆေး၊ ထိရောက်သော ကုသဆေးမရှိကြောင်းနှင့်အခြားမှားယွင်းနိုင်သော ရောဂါများအနေဖြင့် ဝက်ဝမ်းကျရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ စိန်ကွက်နာရောဂါ၊ ဆဲမိုနဲလားရောဂါ၊ ပတ်ကျူရဲလားရောဂါနှင့်အခြားသွေးအဆိပ်သင့်ရောဂါတို့ဖြစ်ပြီး လူသို့ကူးစက်သောရောဂါမဟုတ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### MWD Education, Knowledge & Sports Channel

၄-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade - 8 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၄၂ | Grade - 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

### သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် စက်တင်ဘာ ၃

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်မည့်လုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံကြီးအဖြစ် အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပေးထားသည့်လုပ်ငန်းအလိုက်ဆပ်ကော်မတီများအနေဖြင့် အသေးစိတ်စစ်ဆေးတွက်ချက်ပြီး အမြန်ဆုံးတင်ပြပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အဆောက်အအုံပြုပြင်ခြင်းအပိုင်း၊ မီး၊ အသံပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းအပိုင်းများနှင့် ပတ်သက်၍ အမှန်တကယ်အကျိုးရှိထိရောက်မည့်လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် လေလွင့်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ပင်လောင်းမြို့နယ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်း ကွင်းဆင်းလေ့လာ

ပင်လောင်း စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လွယ်မောကျေးရွာအုပ်စု စိန်ပန်းကျေးရွာ၌ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် မယ့်ဖားလုံဖောင်ဒေးရှင်းမှဆောင်ရွက်နေသော ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ဇနီး Mrs.Dang Thi Thu Hai၊ သံရုံးအဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းလေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် စိန်ပန်းဘုန်းတော်ကြီးကျောင်းအနီး၌ မယ့်ဖားလုံဖောင်ဒေးရှင်းမှပံ့ပိုးထားသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ မွေးမြူရေးကွဲ၊ နွားများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ကျောင်းတိုက်အနီးရှိ စိုက်ပျိုးထားသည့် စီမံကိန်းကော်ဖီခြံကိုကြည့်ရှုလေ့လာကာ မယ့်ဖားလုံဖောင်ဒေးရှင်းအဖွဲ့မှ Chief Development Execution Officer Mr. Narong Apichai နှင့် ကွင်းဆင်းတာဝန်ခံက သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ အထွက်နှုန်း၊ ဈေးကွက်အတွင်း ပြန်လည်ရောင်းချနိုင်မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး သံအမတ်ကြီးနှင့် အဖွဲ့ဝင်များက စီမံကိန်းဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် သံအမတ်ကြီးနှင့်ဒေသခံပြည်သူများက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဒေသခံမွေးမြူရေးတောင်သူများကို မွေးမြူရေးကွဲ၊ နွားများပေးအပ်ခဲ့ကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)



# နောင်ချိုမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများကို (Special Immunization Activities)အထူးအစီအစဉ်နှင့် အမီလိုက်(Big Catchup)နည်းလမ်းများဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိ



နောင်ချို စက်တင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခုပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် အသက်ငါးနှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သောနေရာများမှ ကာကွယ်ဆေးများမရရှိခဲ့သည့် အသက် ၁၅ နှစ်အောက်ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း(Special Immunization Activities)နှင့် အမီလိုက် (Big Catchup) နည်းလမ်းတို့ဖြင့်ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၁၇၈ ဦးကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၂၀၅၄ ဦးကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသက်ငါးနှစ်အောက်နှင့် အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများ မရရှိခဲ့သည့်အသက်၁၅နှစ်အောက်ကလေး ၉၀၂၂ ဦးကို လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်။

နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှစ၍ "မြနန်းတော်ဝင်" မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက်နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ကာ လူနာများကို လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး ဇူလိုင်လ ၂၀ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၃၇၀ ဦးနှင့် အတွင်းလူနာ ၃၆၂ ဦးကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### တွေးကြ ထင်ကြပုံ

ထောင်ထဲ၌ လေးလနှင့် ၂၂ ရက် နေခဲ့ရပြီးနောက် ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရားသူကြီးသည် ကျွန်ုပ်ကို စွဲချက်မတင်ဘဲ (Discharge) တရားရှင်လွှတ်ဖို့ အမိန့်ချလိုက်လေ၏။ ထောင်မှလွတ်ရသည်ဆိုလျှင် ဝမ်းသာကြစမြဲဖြစ်သော်လည်း ကျွန်ုပ်အဖို့မှာ တိုက်ပိတ်ရာမှထုတ်ပြီး ဆေးရုံပေါ်သို့ ပို့လိုက်စဉ်ကထက် ပို၍ဝမ်းသာသည်ဟု မဆိုနိုင်ပါ။ ဝမ်းမသာနိုင်အောင် ဖြစ်ရပုံမှာလည်း ကျွန်ုပ်အား လွှတ်ပစ်လိုက်သည့် တရားသူကြီးမှာ ရက်ပိုင်းလောက်အတွင်းမှာပင် ကျောက်ဖြူသို့ ပြောင်းရွှေ့လိုက်သည်ဟူသောသတင်းကို ကြားရသောကြောင့်ဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်၍ တောင်တောင်မြောက်မြောက်ပြောသံများ ကြားရ၏။ ဟုတ်ချင်မှလည်းဟုတ်ပေမည်။ အကယ်၍ လူအများ တွေးထင်ကြသည့်အတိုင်း ကျွန်ုပ်ကို လွှတ်ပစ်ခြင်းကြောင့် တရားသူကြီးကို နယ်ပြောင်းရွှေ့ပစ်ခြင်း မှန်ခဲ့ပါလျှင် ကျွန်ုပ်သည် သူ့အတွက် ထောင်ထဲသို့ ပြန်ဝင်ရန်အသင့်ရှိသည်ဟု အောက်မေ့ဖူးပါသည်။ ဤသို့သော စိတ်ကူးဖြစ်ပေါ်လာခြင်းမှာ ကျွန်ုပ်သည် အလွန်တရာစိတ်နှလုံးကောင်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သောကြောင့်ဟူ၍ ဆိုလိုခြင်းမဟုတ်။ ကျွန်ုပ်၌ အကျိုးရှိသည်ထက် သူ့၌ ပို၍အကျိုးယုတ်လေသလောဟု တွေးတောမိသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်အဖို့ရာ၌ကား ထောင်ထဲ၌ လေးငါးလနေလိုက်ရကတည်းက အတော်ကျင့်သားရသွားသည့်အပြင် ဟိုသွားသည်သွားမလှုပ်ရှားရရုံမှတစ်ပါး ထောင်သည် ကျွန်ုပ်အတွက် ကြောက်မက်ဖွယ်ရာသော ဌာနကြီးတစ်ခုမဟုတ်ဟူ၍ မြင်လာသောကြောင့် ဖြစ်ပါသည်။ (ဝမ်းသာစရာနှင့် ဝမ်းနည်းစရာတို့ ပူးတွဲကပ်ပါတတ်ခြင်းမှာ ကျွန်ုပ်၏ဇာတာအတိုင်းဖြစ်ပါသည်။)

### ကိုဘငြိမ်း

ကျွန်ုပ်၏မှတ်တမ်းတွင် တချို့ပုဂ္ဂိုလ်များအပေါ်၌ မကျေနပ်မှုရှိလျှင် မကျေနပ်သည့်အလျောက်၊ ကျေနပ်စရာကို ကျေနပ်သည့်အလျောက် ရေးသားဖော်ပြခဲ့ခြင်းများကို စာဖတ်သူတို့ သတိပြုမိကြပေလိမ့်မည်။ တရုတ်ပြည်သို့သွားစဉ်က ကိုဘငြိမ်းအပေါ်၌ ကျွန်ုပ် မကျေမနပ်ဖြစ်ခဲ့ရဖူးပုံကို ဖော်ပြခဲ့ဖူးသည်ဖြစ်ရာ သူ၏ကျေနပ်ဖွယ်သောအကြောင်းအရာကို မဖော်ပြခဲ့လျှင် ကျွန်ုပ် တရားလိမ့်မည်မဟုတ်ချေ။ ထောင်ထဲ၌နေရစဉ် ကျွန်ုပ်၏အိမ်သူအိမ်သားများ နေရေးထိုင်ရေးအတွက် လူထုမအမာတို့က တာဝန်ယူသည့်အပြင် ကျွန်ုပ်တို့၌လည်း အလုပ်လေး အနည်းငယ်ရှိသောကြောင့် ငွေကြေးအတွက် ပူပင်ရခြင်းမရှိ။ မည်သူ၏အထောက်အပံ့ကိုမျှ စောင့်မျှော်ရန်မလိုအပ်သော်လည်း ကျွန်ုပ်မမျှော်လင့်သည့် အသိမိတ်ဆွေနှစ်ယောက်သုံးယောက်တို့က ငွေကြေးနှင့်ပတ်သက်၍ အကူအညီလိုခဲ့လျှင် ပြောသာပြောပါဟု မစိုးအား ပြောကြပါပေသည်။ ၎င်းတို့အနက်တွင် ကိုဘငြိမ်းကား ကျွန်ုပ်အမှတ်အရဆုံးသော မိတ်ဆွေဖြစ်လေသည်။ မန္တလေးသို့ရောက်လာတိုင်း "အစ်မကြီး သုံးလောက်ကြရဲ့လား၊ ကျွန်တော့်ကို ပြောနော်၊ အားမနာနှင့်" ဟု ကျွန်ုပ်၏ဇနီးအား မေးဖော်ရသည်ဟု မစိုးကပြော၍ သိရပါသည်။ ထို့ပြင် ကျွန်ုပ်ကိုတွေ့ရန် ထောင်ထဲသို့ဝင်လာကြသည့် ဒေါက်တာဦးအေးမောင်၊ သိန်းဖေမြင့်နှင့် မုံရွာအမတ်လေးငါးယောက်တို့အနက်တွင် ကိုဘငြိမ်းလည်း ပါလာလေရာ ကိုဘငြိမ်းသည် ကျွန်ုပ်အတွက် ဝမ်းနည်းပုံအရဆုံးသော မျက်နှာထားကို ကျွန်ုပ် မြင်လိုက်ရသည်။ ဤလူစုအနက်တွင် ကိုဘငြိမ်းသည် ကျွန်ုပ်နှင့် အများဆုံးဆက်ဆံမှုရှိသူတစ်ယောက်ဖြစ်သောကြောင့်သာမဟုတ်။ တရုတ်ပြည်သို့ အတူသွားကြစဉ်က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မကျေနပ်မှုလေးများ ရှိခဲ့ဖူးခြင်းကိုလည်း သတိရသည့်လက္ခဏာနှင့် ထိုအတွက် နောင်တရသည့်သဘောမျိုးလည်းပါရှိသည်ဟု ကျွန်ုပ် အကဲခတ်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏စိတ်ထဲ၌ကား ကိုဘငြိမ်းနှင့်ပတ်သက်၍ မပြေပြစ်သည့် အဖုအထစ်လေးများ ရှိနေခဲ့ပါလျှင် ထိုနေ့မှစ၍ လုံးလုံးကြီး ချောမောပြေပြစ်သွားသည်ဟု ဖော်ထုတ်ရေးသားလိုက်ပါသည်။

> "ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက်မဟုတ်သော်လည်း ထောင်ထဲ၌ငါးလခန့်နေခဲ့ရ၍ လွတ်မြောက်လာသည့်နောက်တွင် လက်ဝဲနိုင်ငံရေးသမားများလည်း ကျွန်ုပ်အား လူတစ်လုံးသူတစ်လုံးအနေဖြင့် အသိအမှတ်ပြုလာကြသည့်လက္ခဏာရှိ၏ . . ."

### သခင်ချစ်မောင်

ကျွန်ုပ်သည် သခင်ချစ်မောင်အား အမည်ကို ကြားရုံမျှသာ ကြားရဖူး၍ ကျွန်ုပ် ထောင်ထဲမှ လွတ်လာသောအခါတွင်မှ ပထမအကြိမ် တွေ့ရဖူးပါသည်။ တစ်နေ့သ၌ သခင်ချစ်မောင်နှင့် ကိုအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို) တို့သည် ကျွန်ုပ်၏အိမ်သို့ ဝင်လာကြ၏။ သခင်ချစ်မောင်က "ဆရာကြီးကို ဈေးချိုနားမှာ ဘိုင်စကယ်စီးသွားတာ မြင်လိုက်လို့ ကျွန်တော် ဝမ်းသာလိုက်တာခင်ဗျာ" ဟု စ၍ပြော၏။ ကိုဘငြိမ်း အစရှိသည့် ကျွန်ုပ်ကိုခင်မင်သော လက်ဝဲသမားများက ကျွန်ုပ်အသက်ကြီးပြီဖြစ်၍ ဘိုင်စကယ် မစီးဖို့ တောင်းပန်တတ်ကြသည့်အထဲတွင် သခင်ချစ်မောင်တစ်ဦးတည်းသာလျှင် ထိုအတွက် ဝမ်းသာသည်ဟု ပြောသူရှိသောကြောင့် ကျွန်ုပ်အဖို့ အမှတ်တရဖြစ်မိ၏။ "ကျွန်တော်ဖြင့် ဆရာကြီးရဲ့ ကျန်းမာရေးကောင်းတာကိုမြင်ရလို့ သိပ်အားရတယ်ခင်ဗျာ၊ ဘိုင်စကယ်တောင် စီးနိုင်သေးတာပဲ" ဟု ထပ်ဆင့်၍ပြောလေသည်။ ဆက်လက်၍ စကားပြောကြရာတွင် ကျွန်ုပ်ကိုလေးစားသည့် လက်ဝဲနိုင်ငံရေးသမားများအနက်တွင် တွေ့လျှင်တွေ့ချင်း အပြန်အလှန်ကျေနပ်ပုံရသူများကား နံပါတ်တစ် သခင်ချစ်မောင်ဖြစ်၍ နံပါတ်နှစ် ဗန်းမော်တင်အောင် ဖြစ်လေသည်။ ဤလူနှစ်ယောက်ကား ကျွန်ုပ်ကို ရှိသေကိုင်းရှိုင်းပုံရခြင်းအရာတွင် တူညီကြ၍ အပြောအဆိုသိမ်မွေ့ခြင်းမှာလည်း နင်လားငါလားဆိုလောက်ပေရာ ဘာသာရေး၌ ကိုင်းညွတ်ခြင်းမှုကား သခင်ချစ်မောင်က သာသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ လက်ဝဲသမားဆိုလျှင် ဒိုးဒေါက်သမားများသာ များကြလေရာ (ကျွန်ုပ်လည်း ပါဝင်သည်။) ဤလူနှစ်ယောက်မှာမူ ပျော့ပျောင်းသိမ်မွေ့သောအမူအရာရှိခြင်းတွင် မွေးထူးရေခြားဆိုလောက်၍ တစ်ကြိမ်မျှစီ တွေ့ဖူးကတည်းက ကျွန်ုပ်၏နှလုံးထဲ၌ စွဲလျက်ရှိကြခြင်းကို သတိပြုမိသည်။ (ကျွန်ုပ်ကိုယ်၌က ဒိုးဒေါက်သမားဖြစ်သည့်အတွက်ကြောင့် သာ၍ထိခိုက်ခြင်းဖြစ်လေသလော မပြောတတ်ပေ။) ကျွန်ုပ်က "နိုင်ငံရေးသမားတွေထဲမှာ သခင်ချစ်မောင်နှစ်ယောက်ပါကလားဗျ။ ဖြစ်လည်းဖြစ်တတ်တယ်ဗျာ၊ ဘယ်သူကအရင် သခင်ဖြစ်တာလဲဗျ" ဟုမေးမိရာ သခင်ချစ်မောင်က "ကျွန်တော်က နံပါတ်တစ်ပါ ဆရာကြီး" ဟု ပြုံးရယ်ကာ ပြောသွားလေသည်။ ထိုနေ့မှစ၍ ကျွန်ုပ်လည်း ရန်ကုန်သို့ရောက်တိုင်း သူ၏အိမ်သို့ မဝင်မနေသဘောထား၍ သူကလည်း ရောက်တိုင်းဝင်ပြီး ကန်တော့လေ့ရှိသည်။ တရားဓမ္မအယူအဆနှင့်ပတ်သက်၍ ကျွန်ုပ်ကို ကြည်ညိုသည့်အလျောက် ကန်တော့သူများရှိကြသော်လည်း နိုင်ငံရေးသမားအနက်မှမူ သူတစ်ယောက်တည်း ထူးထူးခြားခြားကြုံရဖူးပါသည်။

### ဗန်းမော်တင်အောင်

ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက်မဟုတ်သော်လည်း ထောင်ထဲ၌ ငါးလခန့်နေခဲ့ရ၍ လွတ်မြောက်လာသည့်နောက်တွင် လက်ဝဲနိုင်ငံရေးသမားများလည်း ကျွန်ုပ်အား လူတစ်လုံးသူတစ်လုံး အနေဖြင့် အသိအမှတ်ပြုလာကြသည့် လက္ခဏာရှိ၏။ ဂျပန်ခေတ်၌ ဗန်းမော်တင်အောင်သည် ကျွန်ုပ် တည်းခိုလျက်ရှိသော ဇရစ်ချောင်ရွာအနီးသို့ရောက်၍ ကျွန်ုပ်အကြောင်းကို ကြားခဲ့ရသည်ဟု ပြောဖူးသော်လည်း သူနှင့် ပထမအကြိမ်တွေ့ရဖူးခြင်းမှာ ကျွန်ုပ် ထောင်မှလွတ်လာပြီးသည့်နောက်တွင်မှဖြစ်၏။ သူ့ခမျာမှာ ထောင်ထဲ၌နေရသော နှစ်ပရိစ္ဆေဒအတော်ကြာရှည်သည်ဖြစ်၍ ရန်ကုန်သို့ ကျွန်ုပ်ရောက်တိုင်း ထောင်ပြင်၌ သူရှိချင်မှရှိတတ်၏။ ၁၉၅၇ ခုနှစ်၌ (ကျွန်ုပ်အထင်) ရန်ကုန်သို့ ကျွန်ုပ်ရောက်သွား၍ ထောင်ပြင်သို့ သူရောက်နေခိုက်နှင့် ဆုံစည်းတိုက်ဆိုင်မိရာတွင် ဗန်းမော်တင်အောင်သည် ကျွန်ုပ်ထံသို့ ရောက်လာ၏။ ဤလူငယ်ကား (မျက်ခုံးထူသောကြောင့်သာမဟုတ်) တစ်ကြိမ်မြင်တွေ့ရလျှင် မမေ့နိုင်စကောင်းသော လူငယ်တစ်ယောက်ဖြစ်၏။ ကျွန်ုပ်ကို လေးစားသည်ဆို၍ တွေ့ဆုံရန်လာသော လူငယ်များသည် (များသောအားဖြင့်) သူတို့၏အကြောင်းခြင်းရာလေးများကို ပြောပြခြင်းအားဖြင့် ခေသောလူတစ်ယောက်မဟုတ်ပါဆိုခြင်းကို တင်ပြခြင်းအားဖြင့် လောက်သာ ကျေနပ်ကာ ပြန်သွားတတ်ကြ၏။ ကျွန်ုပ်ကလည်း မိမိအကြောင်းကို (တစ်ရံဆံလူများအား) အပြောပျင်းသူတစ်ယောက်ဖြစ်သည်နှင့် ၎င်းတို့သည် ကျွန်ုပ်အကြောင်းကို ဘာမျှသိမသွားကြပေ။

ဆက်လက်ဖော်ပြပါမည်။

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့ လက်ပန်တန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၃ ရက်တွင် ကျင်းပသည်။


ရှေးဦးစွာ လက်ပန်တန်းကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြတ်ချယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ငလျင်ဘေးအန္တရာယ်နှင့် ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ ငလျင်လှုပ်နေစဉ်၊ ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းမဖြစ်ပေါ်မီသတိပေးချက်များ စသည်တို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများအန္တရာယ်အကြောင်းနှင့် တိုင်းရင်းဆေးဝါးများ ဝယ်ယူသောက်သုံးပါက သိရှိရမည့်အချက်များကို ဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဒေါ်ကျော့ကေခိုင်က အစားအစာများ စားသုံးရာတွင် လိုက်နာရမည့်အချက်များကို ပြောကြားသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❖ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများအား မြန်မာနိုင်ငံတွင်တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး . . .**

၁ ကျောဖုံးမှအဆက်

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရုံးခန်း၌ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာ့တစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက်ကုမ္ပဏီအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ TBEA ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်၍ ကုန်ချောများ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက TBEA ကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး TBEA ကုမ္ပဏီဥက္ကဋ္ဌနှင့် လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (ဒဂ)

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် စက်တင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "ဒို့ပြည်ထောင်စုအတွက်" သီချင်း၊ ရွှေထားဝယ်ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းနှင့် ပန်းဖွားအဖွဲ့တို့၏ ကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို ပတ္တမြားဆောင်ခန်းမ၌ကျင်းပရာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ထိန်းသိမ်းစို့လေ စာပေအမွေ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲ ( အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦးကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး (အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦးကိုလည်းကောင်းဆုချီးမြှင့်သည်။

ထို့နောက် စာဖတ်စွမ်းရည် (အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦး၊ စာစီစာကုံး(အလယ်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦး၊ ပုံပြင်ပြောပြိုင်ပွဲ(မူလတန်း)အဆင့်တွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦးတို့ကို တိုင်းဒေသကြီးဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်စာပေဆွေးနွေးပေးသော စာရေးဆရာမ နုနှင်းသစ်နှင့် ကျောင်းသား၊ ကျောင်းသူလေးဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က စာအုပ်စာစောင်များ လှူဒါန်းပြီး ကျောင်းအကျိုးဆောင် ဦးဝင်းဇော်ထွန်းမိသားစုက စာအုပ်စာစောင်များ ဝယ်ယူရန်အတွက် အလှူငွေကျပ်ငါးသိန်းနှင့် ကျောင်းအကျိုးဆောင်များကိုယ်စား ဒေါ်သူဇာအောင်က အလှူငွေကျပ်ငါးသိန်းကိုပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ယင်းနောက် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင်ပထမဆုရရှိသောကျောင်းသူက ပြိုင်ပွဲဝင်ခေါင်းစဉ်ဖြင့် ပြန်လည်၍ သရုပ်ပြပြီး အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ် လူရည်မွန်" သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



(၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ (၂၆) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယခင်နှစ်တွင်ကျင်းပပြုလုပ်ခဲ့သည့် "(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး"တွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့အနုပညာသမိုင်းမှတ်တမ်းတွင် အောင်မြင်စွာ ကမ္ဗည်းရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ပြိုင်ပွဲကြီး၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအားတင့်တယ်စွာ စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာတည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကျင်းပရာတွင် ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာသုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင်၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

> ❒ **နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ် . . .**

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အနုသုခုမဆိုင်ရာကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေ့စပ်စွာ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာပညာ အတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကိုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီးအနက်အဓိပ္ပာယ်ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

(၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်ကြသည့်အတွက် မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသည့် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးနိုင်ကြရန် အလေးအနက်ထား ပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ညှိခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီနှင့် တည်းခိုမည့်နေရာအုပ်ချုပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## စက်တင်ဘာလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့်ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | မြစ်ကြီးနား | ၃-၉-၂၀၂၅ | ၁၇.၂ | ၆၃.၀ | ၂-၉-၂၀၂၅ | ၁၇.၈ | ၆၄.၀ | ၅၉ |

## ထူးခြားသည့်နေ့အပူချိန်များ

၃-၉-၂၀၂၅

| | | | |
|---|---|---|---|
| ဇောင်းတူ | ၃၈ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၃၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | နေပြည်တော် (ရေဆင်း) | ၃၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | | |
| စစ်ကိုင်း | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ခန္တီး | ၃၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် | | |
| မြင်းခြံ | ၃၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | ပူတာအို | ၃၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

# မြန်မာအီလက်ထရောနစ်မဲပေးစက်အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်



ကျောက်ပန်းတောင်း စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် မဲပေးစက် အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာလ ၂ ရက် မွန်းလွဲပိုင်းတွင် တမွတီရပ်ကွက်ရှိ ဆွမ်းလောင်းမဏ္ဍပ်၌ ဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ရွေးကောက်ပွဲအရာရှိနှင့်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့စမ်းသပ်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိက Printer မှ ထွက်ရှိလာသည့်စာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များစိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ရှမ်းပြည်နယ် ကျောင်းသားအားကစားပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိ

ပင်းတယ စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ပင်းတယ)စာသင်ကျောင်းနှင့် ပြည်သူ့အားကစားဘောလုံးကွင်း မိုးလုံလေလုံအားကစားရုံ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းသားအားကစားပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကိုယ်စားပြုအားကစားဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာလ ၂ ရက်တွင် ကြိုတင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းသားအားကစားပြိုင်ပွဲများသို့ပါဝင်ယှဉ်ပြိုင်နိုင်ရန် စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ကျောင်းသား၊ ကျောင်းသူများက ပထမအဆင့်အဖြစ် ကလောမြို့နယ်၌ကျင်းပမည့် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ခြင်းတောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ ဘင်ခရာ၊ ပိုက်ကျော်ခြင်း အစရှိသည့်ပြိုင်ပွဲများအတွက် လူရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အားကစားဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများကို လူရွေးချယ်ပွဲတွင် ပါဝင်နိုင်စေရန် ရည်ရွယ်၍ ကြိုတင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၀၀၅)



# သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

မြောင်းမြ စက်တင်ဘာ ၃

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့်သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာလ ၂ ရက်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်နှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်နှင့် တာဝန်ရှိသူများက သုတေသနဗဟိုဌာနအတွင်း သုတေသနပြု ဆောင်ရွက်ထားရှိသည့် အရည်အသွေးကောင်း စပါးသုတေသနများ၊ ရေမြုပ်ခံစပါးသုတေသနများ၊ ရေငန်ခံစပါးသုတေသနများ၊ ရေလွှမ်းခံစပါးသုတေသနများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မှတ်တမ်းများ စနစ်တကျကောက်ယူထားရှိရေး မှာကြားသည်။

ဆက်လက်၍ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)တာဝန်ခံ ဒေါ်ဖြူပြာလွင်က ဌာန၏မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ ၂၀၂၄-၂၀၂၅ မိုးကြိုရာသီတွင် ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် သုတေသန၊ မျိုးပွားများရေးနှင့် ဖွံ့ဖြိုးရေး စီမံချက်များ၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)မှ ရရှိခဲ့သော မျိုးသစ်နှင့် နည်းပညာရလဒ်များ၊ တောင်သူများပူးပေါင်းပါဝင်သည့်သုတေသန ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သုတေသနလုပ်ငန်းများနှင့်ဌာနပိုမိုတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ဝန်ထမ်းတစ်ဦးချင်းစီ၏ သဘောထားအမြင်၊ အကြံပြုချက်များ၊ အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး မိမိတို့ဒေသ၊ မိမိတို့သုတေသနဖွံ့ဖြိုးရေးအတွက် ပညာရှင်၊ ဝန်ထမ်းကောင်းများထားရှိရမည့် စိတ်နေစိတ်ထား၊ လိုက်နာသင့်သည့် ကျင့်ဝတ်များနှင့် စပ်လျဉ်း၍ဆွေးနွေးပြီး သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးတွင် အားသွန်ခွန်စိုက်ဆောင်ရွက်ထားရှိမှုများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

# ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများ ဆောင်ရွက်

ကျိုက်ထို စက်တင်ဘာ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့်ပြည်သူများ စာအုပ်စာစောင်များကို အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာလ ၃ ရက် နေ့လယ်ပိုင်းတွင် သမဝါယမဦးစီးဌာန၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်များရှိပြည်သူများအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျိုက်ထိုမြို့နယ်တွင် စာဖတ်ရှုနှုန်းမြင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသော ပြည်သူများအတွက် မိုဘိုင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များသို့လည်း အပတ်စဉ် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# သြဂုတ်လတစ်လတာကာလအတွင်း ငါးကုန်းညှိ ပိဿာချိန် ၆၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့

ဟိုင်းကြီးကျွန်း စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့မှ ရန်ကုန်၊ မန္တလေး၊ ပြည် စသည့်မြို့တို့သို့ သြဂုတ်လအတွင်း ငါးကုန်းညှိကုန်ချိန်ပိဿာ ၆၀၀၀၀ ကျော်ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပင်လယ်ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့မှအခြားဒေသများသို့ ငါးကုန်းညှိတင်ပို့ရောင်းချရာတွင် ရေခဲရိုက်ငါးအဖြစ်တင်ပို့ရောင်းချခြင်းများရှိသကဲ့သို့ ခေါင်းဖြတ်အကြေးခွံချွတ် ဆားနယ်ကာ ဆားမာကောင်(ငါးပိကောင်)များအဖြစ် တင်ပို့ရောင်းချကြကြောင်းလည်း သိရသည်။

“ တင်ပို့တဲ့နေရာမှာလည်း ပြည်မြို့နဲ့ မန္တလေးဘက်က ဆားမာကောင်မှာယူမှုများပြီး ရန်ကုန်ဈေးကွက်ကတော့ ရေခဲငါးအဖြစ်နဲ့ပဲ အဆင်ပြေပြေရောင်းချရပါတယ်။ ငါးကုန်းညှိက ပြည်တွင်းစားသုံးမှုက အဓိကပါ။ လက်ရှိမှာအရောင်းအဝယ်ကောင်းနေတော့ ရေလုပ်သားတွေနဲ့ လုပ်ငန်းလုပ်သူတွေလည်း အဆင်ပြေကြပါတယ်”ဟု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ငါးကုန်းညှိပိုက်လုပ်ငန်းလုပ်သည့် စက်လှေအစင်း ၆၀ ကျော်ခန့်ရှိပြီး ပျမ်းမျှအားဖြင့်လှေတစ်စင်းလျှင် တစ်ရက် ငါးကုန်းညှိ ကုန်ချိန် ပိဿာ ၅၀ မှ ၂၀၀ ကျော်ခန့်အထိ ရရှိကြကြောင်း သိရသည်။

ယခုရာသီချိန်တွင် ငါးကုန်းညှိများ အရောင်းအဝယ် ကောင်းနေသည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများနှင့် ခေါင်းဖြတ်အကြေးခွံချွတ်သည့် နေ့စားလုပ်သားများလည်း ဝင်ငွေရရှိကြကြောင်း သိရသည်။

(၀၀၇)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၄-၉-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၆။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာ အန္တရာယ် |
| ၇။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၈။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ မာတာပိတု ဥပဋ္ဌာန်၊ ပုတ္တဒါရဿသင်္ဂဟော** |

# ကိုယ်ဝန်ဆောင်ချိန် လေပွ လေထခြင်းအကြောင်းသိကောင်းစရာ

ကိုယ်ဝန်ဆောင်ချိန်မှာ ခန္ဓာကိုယ်အတွင်း ပြောင်းလဲမှုမျိုးစုံဖြစ်တတ်ပါတယ်။ အဲဒီလိုပြောင်းလဲမှုတွေမှာ လေထခြင်းလည်း ပါဝင်ပါတယ်။ ကိုယ်ဝန်ဆောင်ချိန် လေပွ၊ လေထခြင်းအတွက် အိမ်တွင်းကုထုံးတချို့အသုံးပြုနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်ချိန်မှာ လေအဆက်မပြတ်တက်ခြင်း၊ လေလည်ခြင်း စတာတွေက သဘာဝပဲဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်ချိန်မှာ ပရိုဂျက်စတုန်းဟော်မုန်းပိုမိုထွက်ရှိလာခြင်းက လေပွ၊ လေထခြင်းနဲ့ဆက်စပ်နေပါတယ်။

ပရိုဂျက်စတုန်းဟော်မုန်းက ကိုယ်တွင်းကလီစာကြွက်သားတွေကို ဖြေလျှော့ပေးပါတယ်။ အဲဒီလိုဖြစ်စဉ်ကြောင့် အစာအိမ်နဲ့အူလမ်းကြောင်းကြွက်သားတွေလှုပ်ရှားမှုနည်းသွားပြီး အစာခြေခြင်းကိုပါ နှေးသွားစေပါတယ်။ ဒါကြောင့် အူလမ်းကြောင်းထဲ ဓာတ်ငွေ့တွေစုဝေးလာပြီး လေပွခြင်း၊ လေထခြင်း၊ လေလည်ခြင်းတို့ ပိုမိုတွေ့ကြုံရပါတယ်။ ဒ့ါပြင် ကိုယ်ဝန်ဆောင်ကာလမှာ ကြီးထွားလာတဲ့သားအိမ်ရဲ့ဖိအားကြောင့် အစာကြေနှေးပြီး လေပိုပွတတ်ပါတယ်။

ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအနေနဲ့ ရေကို တစ်ရက် ၈ ခွက်ကနေ ၁၀ ခွက်အထိ သောက်သုံးသင့်ပါတယ်။ ရေဓာတ်ပြည့်ဖို့ တခြားနည်းလမ်းတွေအနေနဲ့ ရေအပြင် တခြားကျန်းမာရေးနဲ့ညီညွတ်တဲ့အရည်တွေကိုလည်း သောက်ပေးနိုင်ပါတယ်။ အရည်များများသောက်ခြင်းက လေပွခြင်းကို သက်သာစေနိုင်ပါတယ်။

တစ်နေ့တာပုံမှန်လုပ်ဆောင်သင့်တဲ့အထဲမှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလည်းပါဝင်ပါတယ်။ အားကစားခန်းမ မသွားနိုင်ရင်တောင် အဆင်ပြေတဲ့နေရာမှာ လမ်းလျှောက်နိုင်ပါတယ်။ တစ်နေ့တာမှာ အနည်းဆုံး နာရီဝက်ခန့် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ်။ ကိုယ်ရောစိတ်ပါ လန်းဆန်းစေရုံသာမက ဝမ်းချုပ်ခြင်းကို သက်သာစေပြီး အစာကိုလည်း မြန်မြန်ကြေလွယ်စေပါတယ်။ ကိုယ်ဝန်ဆောင်ကာလမှာ လေ့ကျင့်ခန်းဘယ်လိုလုပ်သင့်တယ်ဆိုတာ ဆရာဝန်နဲ့တိုင်ပင်သင့်ပါတယ်။

အဆီများတဲ့အစားအစာ၊ စပ်လွန်းတဲ့အစားအစာ၊ နို့နဲ့နို့ထွက်ပစ္စည်းတွေနဲ့ ပဲအမျိုးမျိုးတို့က လေထစေတတ်တဲ့အစားအသောက်တွေဖြစ်တာကြောင့် လေအောင့်တတ်တဲ့ ကိုယ်ဝန်ဆောင်တွေအနေနဲ့ ဆင်ခြင်စားသောက်ဖို့ အကြံပြုချင်ပါတယ်။

**"ကိုယ်ဝန်ဆောင်ချိန်မှာ ဘာကြောင့်လေပွရလဲဆိုရင် ဟော်မုန်းအပြောင်းအလဲကြောင့်ဖြစ်ပါတယ်။ ပရိုဂျက်စတုန်းဟော်မုန်းများလာတာက အူမကြီးရဲ့ကြွက်သားတွေကိုပြေလျော့စေပြီး အစာခြေမှုနှေးပြီး လေတွေစုလာစေပါတယ်။ သားအိမ်ထဲက ကလေးကြီးထွားလာတာနဲ့အမျှ အစာအိမ်နဲ့အူတွေကိုဖိမိပြီး အစာခြေစနစ် ပိုနှေးသွားစေပါတယ်. . ."**

အမျှင်ဓာတ်များများစားခြင်းက အူလမ်းကြောင်းထဲမှာ ရေဓာတ်ကို ထိန်းထားပေးပါတယ်။ ဒ့ါပြင် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ နေ့စဉ် အမျှင်ဓာတ် ၂၅-၃၀ ဂရမ် စားပေးခြင်းက လေထခြင်းကို သက်သာစေပါတယ်။ ဆီးသီး၊ ငှက်ပျောသီး၊ အသီးအရွက်၊ အုတ်ဂျုံနဲ့ အစေ့အဆန် စတာတွေမှာ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပါတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ သုံးစွဲနိုင်တဲ့ ဝမ်းပျော့ဆေးတွေရှိပါတယ်။ အဲဒီဆေးတွေက ဝမ်းပျော့စေတဲ့အပြင် အစာအိမ်နဲ့အူလမ်းကြောင်းမှာ လေပွ၊ လေထခြင်းကို သက်သာစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်ချိန်မှာ ဝမ်းနုတ်ဆေးအပြင်းစားတွေသောက်ခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။ မဖြစ်မနေ ဝမ်းပျော့ဆေးအသုံးပြုရမယ်ဆိုရင်လည်း ဘယ်အမျိုးအစားကိုသုံးရမယ်ဆိုတာ ဆရာဝန်နဲ့တိုင်ပင်သင့်ပါတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ စိတ်ဖိစီးမှုကို တတ်နိုင်သမျှ ဖြေလျှော့သင့်ပါတယ်။ စိတ်ဖိစီးမှု၊ စိတ်ပူပန်မှု စတာတွေက အစာအိမ်နဲ့အူလမ်းကြောင်းအတွင်း လေပွခြင်း၊ လေချဉ်တက်ခြင်း စတာတွေဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် စိတ်ဖိစီးမှုကိုသက်သာစေမယ့် အသက်ရှူလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တရားထိုင်ခြင်း၊ သာယာနာပျော်ဖွယ်တေးသီချင်းများနားထောင်ခြင်း စတဲ့နည်းလမ်းပေါင်းစုံနဲ့ဖြေလျှော့သင့်ပါတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ ဘာကြောင့်လေပွရလဲဆိုရင် ဟော်မုန်းအပြောင်းအလဲကြောင့်ဖြစ်ပါတယ်။ ပရိုဂျက်စတုန်းဟော်မုန်းများလာတာက အူမကြီးရဲ့ကြွက်သားတွေကိုပြေလျော့စေပြီး အစာခြေမှုနှေးပြီး လေတွေစုလာစေပါတယ်။ သားအိမ်ထဲက ကလေးကြီးထွားလာတာနဲ့အမျှ အစာအိမ်နဲ့အူတွေကိုဖိမိပြီး အစာခြေစနစ်ပိုနှေးသွားစေပါတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ မီှဝဲရတဲ့အားဆေးနဲ့ သံဓာတ်အားဆေးတချို့က ဝမ်းချုပ်ပြီး လေပွစေတတ်ပါတယ်။ ဒါကြောင့် အမျှင်ဓာတ်များတဲ့အစားအစာတွေဖြစ်တဲ့ ဟင်းနုနယ်၊ သစ်သီးနဲ့ ဂျုံကြမ်းပေါင်မုန့်တွေကို ပိုစားသင့်ပါတယ်။ အမျှင်ဓာတ်က အူလှုပ်ရှားမှုကိုကောင်းစေပြီး လေပွတာကိုလျော့ကျစေပါတယ်။

လေထစေတဲ့အစားအစာတွေကို ကိုယ်ဝန်ဆောင်ချိန်မှာ တတ်နိုင်သလောက် ရှောင်သင့်ပါတယ်။ ပဲအမျိုးမျိုး၊ အာလူး၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီတို့က လေပွစေနိုင်တဲ့အတွက် လျှော့စားသင့်ပါတယ်။ ဆီကြော်စာ၊ အချိုများတဲ့အစာနဲ့ Gas ပါတဲ့ဖျော်ရည်တွေကိုလည်း ရှောင်သင့်ပါတယ်။ ရေဆာတဲ့အခါ အချိုရည်တွေအစား ရေကိုသာ သောက်သင့်ပါတယ်။ ရေဓာတ်ပြည့်ဝမှုက အစာခြေစနစ်ကိုမြန်စေပြီး ဝမ်းချုပ်တာကို ကာကွယ်ပေးပါတယ်။

အစာကို ဖြည်းဖြည်းနဲ့မှန်မှန်စားသင့်ပါတယ်။ အစားမြန်မြန်စားတာ၊ တနင့်တပိုးစားတာ၊ အစာစားရင်း စကားပြောတာ၊ အစာစားရင်း တီဗွီ၊ ဖုန်းကြည့်တာတို့က လေမျိုချမိတတ်တာကြောင့် လေပွစေနိုင်ပါတယ်။

အစာစားတဲ့အခါ နည်းနည်းနဲ့ နာရီဝက်တစ်ခါစားပေးသင့်ပါတယ်။ အဲဒီလိုစားပေးရင် အစာကြေ လေလည်စေပြီး အစာပြည့်အင့်မှုမရှိဘဲ ကိုယ်အလေးချိန်ပါ ထိန်းထားနိုင်ပါတယ်။

လေပွ၊ လေထခြင်းနဲ့ပတ်သက်ပြီး ဘယ်အချိန်မှာ ဆရာဝန်နဲ့ပြသသင့်သလဲဆိုရင် လေပွတာနဲ့အတူ ပြင်းပြင်းထန်ထန်ဗိုက်အောင့်တာ၊ ဝမ်းထဲသွေးပါတာ၊ အန်တာ၊ ဝမ်းအလွန်ချုပ်တာ၊ ဝမ်းထဲမအီမလည်ဖြစ်တာ စတဲ့လက္ခဏာတွေဖြစ်ပေါ်လာပါက ဆရာဝန်နဲ့အမြန်ဆုံးပြသသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်




ရန်ကုန် စက်တင်ဘာ ၃

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်မိသားစုများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က မှဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရဂုဏ်ပြုဆုနှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အောက်တိုဘာလတွင်ကျင်းပမည့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင်ထူးခန့်ကျော် မိသားစုက ငွေကျပ် သိန်း ၅၀ နှင့် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူကြကြောင်း သိရသည်။ **လင်းခန့်**

## လူငယ်စာဖတ်ဝိုင်းနှင့် စကားရည်လုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းနှင့် စကားရည်လုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၃ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကားနှင့် လူငယ်စာဖတ်ဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ စကားရည်လုပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာတင်တော်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် လူငယ်စာဖတ်ဝိုင်းကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဖတ်မှတ်လေ့လာထားသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကလည်း ပါဝင်ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က လူငယ်စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးသည့်အကြောင်းအရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မဝ၂)



# (၁၂၈)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ဘုရားကြီးလမ်းရှိ ဂန္ဓကုဋိတိုက်တော်၌ ပူဇော်ကိုးကွယ်ထားသည့် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးအား စက်တင်ဘာလ ၄ ရက်တွင် (၁၂၈)ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓမြတ်စွယ်တော်အားလှည့်လည်အပူဇော်ခံမည့် စက်တင်ဘာလ ၄ ရက်နံနက် ၅ နာရီတွင် ရွှေကျောင်းကြီးတိုက် ဩဝါဒါစရိယနာယက ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေပလ္လင်ပေါ်တွင် အပူဇော်ခံထားရှိမည်ဖြစ်သည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား မွန်းလွဲ ၁ နာရီတွင် မြို့တွင်းသို့လှည့်လည်အပူဇော်ခံရာတွင် မဟာစည်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ ပုဂံဝင်း၊ထီးဖြူ၊ ရွှေယပ်ကိုင်၊ ဗုဒ္ဓဝေယျာဝစ္စအသင်း၊ ပရိတ်အသင်း၊ ဓမ္မစကြာဝတ်အသင်းကားများဖြင့် လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ဆက်လက်၍ စက်တင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် နံနက် ၈ နာရီမှစတင်ကာ ညနေ ၅ နာရီအထိ ရွှေပလ္လင်ပေါ်တွင် ပကတိအတိုင်း (ရွှေခြုပ်တော်ဖွင့်လှစ်ကာ) အပူဇော်ခံထားရှိမည်ဖြစ်ပြီး တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိရွှေတိုက်တော်သို့ ပြန်လည်ပင့်ဆောင်ကာ ဂန္ဓကုဋိရွှေတိုက်တော်အား ပိတ်သိမ်းမည်ဖြစ်သည်။

အဆိုပါမြတ်စွယ်တော်ဗုဒ္ဓပူဇနီယပွဲတော်တွင် အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) ဒေသထွက်ကုန်စျေးရောင်းပွဲတော်များ၊ မုန့်စျေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများအား ၁၀ ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



မိုင်းယောင်း စက်တင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ်လ ၁၉ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးဝင်း(ခ)တင်မိုးဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်နှင့် မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုသို့ လက်တွေ့စမ်းသပ်မဲပေးရာတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၂ စုတို့မှ မဲဆန္ဒရှင်ပြည်သူစုစုပေါင်း ၄၂၅၀ ဦးတို့ တက်ရောက်စမ်းသပ်မဲပေးကြောင်း သိရသည်။

**မြဝတီ**

# ပန်းတနော်မြို့၌ မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ



ပန်းတနော် စက်တင်ဘာ ၃

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး ဧရာဝတီတိုင်းရိုးရာလက်ဝှေ့ဆပ်ကော်မတီနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်သော မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်ပြိုင်ပွဲများကို စက်တင်ဘာလ ၃ ရက်မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့ အားကစားခန်းမ၌ ကျင်းပသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အာဖရိက (နဂါးမာန်ကလပ်)နှင့်စောထဲနီစေး၊ ဆာလောလှ (ရိုးရာကျားကလပ်)နှင့်ဆန်းမြတ်ဦး (Ray ကလပ်)၊ (၃)ချီပွဲတွင် လားကပေါ(ရိုးရာကျားကလပ်)နှင့် ရှားလားလား(Bago Fight)၊ အောင်သိုက် (အဖြူရောင်သွေးသစ်)နှင့် ထက်မြတ် (555 Mix Sports)၊ တိုက်မောင်း (အဖြူရောင်သွေးသစ်) နှင့်ရဲမာန်သွေး(Ray ကလပ်)၊ ဝေယံမင်းသူ (ပဲခူးကလပ်)နှင့် မျိုးကြီး( 555 Mix Sports)၊ ယက္ခမင်း(ရောတိုက်ဂါးကလပ်)နှင့် စောချစ်ရအောင် (Ray ကလပ်)၊ နန္ဒမင်း (ရောတိုက်ဂါးကလပ်)နှင့် သက်ဦးခန့် (ရိုးရာကျားကလပ်)၊ ပနာအဲ (ရိုးရာကျားကလပ်)နှင့် မိုက်ခဲလေး (Ray ကလပ်)တို့နှင့် မျိုးဆက်သစ်ဝိတ်တန်းတူ(ကြားပွဲ)များ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးကျော်ဇင်ဦး၊ တိုင်းရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသစ္စာ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးမင်းချစ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လက်ဝှေ့ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်မည်ဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

| MWD Variety Channel<br>၄-၉-၂၀၂၅(ကြာသပတေးနေ့) | | |
|---|---|---|
| | ၁။ ၁၀:၃၀ ဖန်တီးသူတို့အနုပညာ | ၃။ ၁၆:၃၀ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ် |
| | ၂။ ၁၂:၂၅ Variety Choice | ၄။ ၁၇:၄၅ အားကစားနည်း သမိုင်းကြောင်း |

# စိမ်းလန်းရှုခင်း လတော်သလင်း

✿ ဝသန်မိုးနှောင်း၊ သာပေါင်းဝေဖြာ၊
ကန်ဆင်းမိုးလ၊ တိမ်စမှောင်ရီပြာ၊
အကြေအညာ၊ သာယာမြစ်မင်း။
မြစ်နဒီမှာ၊ လှိုင်းလေသာ
ရေလျှာသင်ဖြူး ခင်းသည်နှင့်လေး။

✿ ကန်ရာသီတွင်း၊ လမင်းထိန်ဝါ၊
တူယှဉ်ထွန်းပ၊ ဘဒြပိုဒ်တာရာ၊
နှောင်းမိုးစွေရွာ၊ ကျိုးရှာကန်သင်း။
တော်သလင်းနေ၊ ပုဇွန်သေ
ပဝေရှေးစကား လင်းသည်နှင့်လေး။

✿ ငှက်ကျေးတစ်သင်း၊ သံညင်းချိုသာ၊
ရာသီညွှန်ပြ၊ သင်းမြပန်းရင်းမာ၊
ကြာမျိုးငါးဖြာ၊ ကန်သာခြယ်သ။
မှည့်သစ်သီးခိုင်၊ ရန့်ကြိုင်
ဂနိုင်တောလုံး ရသည်နှင့်လေး။

✿ ငါးပါးသီလ၊ ပျက်ကြချိန်ခါ၊
ဒန္တပူရ၊ ရှားကြစားရိက္ခာ၊
ဗုဒ္ဓမြတ်စွာ၊ ညွှန်ကာမိန့်မြွက်။
သီလထိန်းလျှင်၊ ရန်ဘေးစင်
သေလျှင်နတ်ပြည် မလွဲသည်နှင့်လေး။

✿ လှေသဘင်ပွဲ၊ ဆင်နွှဲပျော်စွာ၊
ကမ်းလုံးညွတ်မျှ၊ များလှအားပေးလာ၊
သီကွေးအားပါ၊ ညီညာတက်ကြွ။
လက်မနှေးခိုင်၊ တက်ရေးမြိုင်
ယှဉ်ပြိုင်အောင်ပွဲ ရသည်နှင့်လေး။

✿ ကောက်ပင်နိုးထ၊ ယိမ်းကဘယ်ညာ၊
ကျေးလက်ရှုခင်း၊ လယ်ကွင်းစိမ်းစိုသာ၊
ရွှေမိုးညင်သာ၊ ပျူငှာဆွတ်ဖျန်း။
အမိမြေပြင်၊ အလှဆင်
ရွှေရင်သည်းညွှာ လန်းသည်နှင့်လေး။

✿ ငြိမ်းချမ်းအောင်ခြင်း ဖော်တစ်သင်း
ပျော်ခင်းကြုံတော့သည်။
စိမ်းလန်းခေါင်သနင်း တော်သလင်း
ကျော်ခြင်းစုံတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် ( Mixed Member Proportional – MMP ) ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို အပြည့်အဝယုံကြည်ကြောင်းနှင့် မိမိတို့အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။


ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့်ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)




### ၃-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဝါးခယ်မနှင့်မြောင်းမြမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး



**နေပြည်တော် စက်တင်ဘာ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ စက်ရုံဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာတော်ကြီးများအား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်အတွက် ရဟန်းနှင့် သီလရှင်များ၊ တရားစခန်းဝင် ယောဂီများအပါအဝင် အင်အား ၄၅၀ အတွက် တစ်နေ့တာ ကုန်ကျစရိတ် ဆွမ်းအလှူငွေများကို ကျောင်းတိုက်မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးဝင်းအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e–ID စနစ်ဖြင့် Biog–raphic/Biometric ကောက်ယူကာ Unique IDနံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့်ရုံးပစ္စည်းများ၊ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မိမိတို့ဌာနဝန်ထမ်းများစုပေါင်းကာ မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့်စာရင်းများ စိစစ်အတည်ပြုခြင်းနှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြုခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e–ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်ရုံးအတွင်း ရုံးလက်ခံနိုင်–၄ မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပါ အချက်အလက်များအား ရုံးချုပ်ရှိ e–ID Server မှ အချက်အလက်များနှင့် Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြုခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြောင်းမြခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့အတွက် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား မြောင်းမြမြို့ နယ်မြေခံတပ်နယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ ဒီဇင်ဘာလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မကြာမီတင်သွင်းလာမည့် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းကိုလည်း သတ်မှတ်ချိန်အမီ စိစစ်ပြန်ကြားနိုင်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ဆက်စပ်ဌာနများနှင့်ပူးပေါင်းကာ စည်းလုံးညီညွတ်စွာ ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင်ထမ်းဆောင်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ အမျိုးသားအဖွင့်ပွဲစဉ်အဖြစ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။


**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားအဖွင့်ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ အမျိုးသမီးအဖွင့်ပွဲစဉ်ဖြစ်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၉ သင်းတို့ဖြင့် စက်တင်ဘာလ ၁၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ခြင်းများကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် လူရည်ချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား/သမီးများ၊ စစ်သည်အစားခန့်(အရပ်သား)ဝန်ထမ်းများ၏သား/သမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို ယနေ့တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းများကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy-DLA)သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၃**

ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy-DLA) သင်တန်းအမှတ်စဉ်(၁)ကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၊ ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သမိုင်းတွင် ပထမဦးဆုံး ဥပဒေနှင့် ပတ်သက်သည့် Diploma သင်တန်းကို စတင်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးနှင့်အထက်အရာရှိကြီးများအား သင်တန်းသားအဖြစ်လက်ခံကြောင်း၊ သင်တန်းသား ၅၀ ဦးအား သတ်မှတ်စံနှုန်းများဖြစ်သည့် ဘာသာရပ်ဆိုင်ရာ သုတေသနများနှင့် အခြားသော သုတေသနစာတမ်းများ ရေးသားရန်နှင့်ဌာနအသီးသီးတွင် ဥပဒေနှင့်စပ်လျဉ်း၍ ကိုင်တွယ်ကျင့်သုံးနေရသည့် အရာရှိများကို ပထမဦးစားပေး ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးလျှင် Diploma In Legal Advocacy ဘွဲ့ပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ရှစ်လတွင် ဘာသာရပ်ဆိုင်ရာများပို့ချ၍ လေးလတွင် သုတေသနစာတမ်းများရေးသားရန်ဖြစ်ကြောင်း၊ သင်တန်းရက်ပေါင်း ၁၆၀ ရက်နှင့်စာသင်ချိန် ၃၂၀ သင်ကြားပို့ချမည်ဖြစ်ကြောင်း။

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များနှင့် ဌာနကြီးများ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သော ဥပဒေမူကြမ်းစိစစ်ရေးဆွဲခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့်အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်းသည့် ဘာသာရပ်များ၊ ဥပဒေမူကြမ်းရေးဆွဲနည်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ စီးပွားရေးစာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များ၊ အထွေထွေအကြံပေးခြင်းလုပ်ငန်းရပ်များ၊ ပြစ်မှု/တရားမမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အခြားသိသင့်သိထိုက်သောဥပဒေများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် ဥပဒေသည် အလွန်အရေးပါသည့် အခန်းကဏ္ဍတွင်ရှိ၍ ဥပဒေကိုလေးစားလိုက်နာပြီး ဥပဒေအသိပညာရှိခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် ယခုသင်တန်းတက်ရောက်ခြင်းဖြင့် ရရှိလာသည့်ဗဟုသုတများအား တရားဥပဒေ စိုးမိုးရေးအတွက်သော်လည်းကောင်း၊ မိမိဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ မိမိအတွက်သော်လည်းကောင်း အကျိုးရှိစွာအသုံးချနိုင်ရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy-DLA) သင်တန်းအမှတ်စဉ်(၁)သို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ






**နေပြည်တော် စက်တင်ဘာ ၃**

Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၉ ဦးတို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကမ္ဘာတစ်ဝန်းလုံး၌ ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကိုသိရှိစေရန်နှင့်သက်ဆိုင်ရာ ဌာနအသီးသီး၏လုပ်ငန်းဆောင်ရွက်မှုများတွင် ကျား၊ မရေးရာကို ထည့်သွင်းစဉ်းစားဆောင်ရွက်လာစေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြားအမျိုးသမီးများ၏အခွင့်အရေးများကို ချိတ်ဆက်မှုအားကောင်းစွာ ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

အမျိုးသမီးများအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်သည့် အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရန်နှင့် ရပ်ရွာအဆင့်မှ နိုင်ငံအဆင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း လေ့လာရသမျှ ဗဟုသုတများကို ထပ်ဆင့်မျှဝေပေးခြင်း၊ မိမိတို့၏လုပ်ငန်းများတွင် ကျား၊ မရေးရာအားထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် သင်တန်းမှရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းကို နှစ်ရက်တာဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများ ရေစီးဆင်းမှု အခြေအနေများကိုလည်းကောင်း၊ ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ ကျောက်ချက်လမ်းဆုံ လမ်းဘေး ဝဲ/ယာ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများကိုလည်း ကောင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေဆင်းမြောင်းများ စနစ်တကျတူးဖော်ရှင်းလင်းထားရှိရေး၊ Box Culvert များတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး၊ ရေဝပ်သည့်နေရာများတွင်သဲမြေများဖို့ထားရေးနှင့်လမ်းပခုံးသားပေါ်တွင် မြေသားများတင်ကျန်မှုမရှိစေရေး၊ အမှိုက်များစနစ်တကျ စွန့်ပစ်စေရေးနှင့် ပန်းအလှပင်များစိုက်ပျိုးထားရှိရေးတို့ကို မှာကြားသည်။

ယမန်နေ့ ညပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)သို့ သွားရောက်၍ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုအခြေအနေများ၊ ရန်အောင်မြင်ဆည်ပတ်ဝန်းကျင် မြေယာရှုခင်းများ၊ ပန်းအလှပင်များ ဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတမံနှင့်ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုကောင်းမွန်ချိန်တွင် လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။



**အောင်သူရဦး(ပြန်/ဆက်)**


# တော်သလင်းလ လှေသဘင်ပွဲတော်နှင့် ဂရုဓမ္မအခါတော်နေ့

တော်သလင်းလသည်မြန်မာ့ဆယ့်နှစ်လရာသီတွင် ခြောက်လမြောက်(ဆဋ္ဌမ)လဖြစ်သည်။ တော်သလင်းလသည် မိုးနှောင်းရာသီကာလတွင်းကျရောက်သည်။

တော်သလင်းဆိုသည်မှာ တော်နှင့်သလင်းကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ တော်ဆိုသည်မှာ မြင့်မြတ်သည်။ အထွတ်အထိပ်ဖြစ်သည်။ အထက်ကောင်းကင်ဖြစ်သည်။ သလင်းဟူသည်မှာ သာယာထွန်းလင်းမည်ဟု အဓိပ္ပာယ်ရသည်။

ရာသီမှာ ကန်ရာသီဖြစ်သည်။ ကန်ရာသီဆိုသည်မှာ "ကညာ" ဟုဆိုသည်။ ကညာမှာ နှစ်သက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ပါဠိသဒ္ဒါ၌ တောသဟုဆိုလိုပြီး တောသမှ တော်သလင်းသို့ ပြောင်းလဲလာခြင်းဖြစ်သည်။ ရင်းမာပန်းမှာ ရာသီပန်းဖြစ်သည်။ ရာသီရုပ်မှာ ကညာရုပ်ဖြစ်သည်။ တိမ်ကင်းစင်သောအချိန် ဖြူစင်သော "ဗျိုင်းတာရာ"နက္ခတ်ဖြစ်သည်။ ကောက်စိုက်ချိန်ကာလအတွင်း အလုပ်ပင်ပန်းခဲ့ကြသည့် တောင်သူများ အလုပ်ပြီးမြောက်၍ ပြုံးပျော်မြူးထူးရွှင်လန်းကြသည့်လလည်းဖြစ်သည်။

တော်သလင်းလ၏ မြန်မာ့ရိုးရာဓလေ့အစဉ်အလာရာသီပွဲတော်မှာ လှေပြိုင်ပွဲဖြစ်သည်။ လှေပွဲသဘင်(လှေသဘင်ပွဲတော်)ကို မြန်မာမင်းများနှစ်သက်မြတ်နိုးကြသည်။ ဘုရင်ကိုယ်တိုင်ဦးဆောင်၍ ကျင်းပကြသည်။ ရှေးယခင်တုန်းက လှေပြိုင်ပွဲများ (လှေသဘင်ပွဲတော်)ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ကြွရောက်ရှုစား အားပေးတော်မူလေ့ရှိသည်။ လှေလှော်သားတို့ကို ဆုတော်လာဘ်တော်များ ချီးမြှောက်ခြင်းပြုကြသည်။ ဘုရင်ကိုယ်တော်တိုင် ဆုချီးမြှင့်သည့်ပွဲတော်ဖြစ်သည်။ ခမ်းနားကြီးကျယ်စည်ကားသိုက်မြိုက်စွာကျင်းပသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည်။ လှေပွဲသဘင်ကို လှေအမျိုးအစားအလိုက် ခွဲခြားပြုလုပ်၍ ပြိုင်ကြသည်။ ကြည့်ရှုအားပေးကြသော ပရိသတ်များက အိုးစည်ဗုံမောင်းများတီးမှုတ်ကခုန်၍ ပျော်ရွှင်မဆုံးရှိကြသည်။



လှေပွဲသဘင်ကို ပန်းလှသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည့်အမည်များဖြင့် ကျင်းပကြသည်။ ဘုရင်ကိုယ်တိုင်ကြွရောက်ချီးမြှင့်သည့်ပွဲဖြစ်၍ စည်ကားလှပေ၏။ ဘုရင်သည် မှူးမတ်များခြံရံကာ ပြည်ကြီးမွန်လှေတော်ကိုစီး၍ လှေပွဲသဘင်ကို ကြွရောက်ချီးမြှင့်တော်မူသည်။ ဘေးနှစ်ဖက်(လက်ဝဲလက်ယာ)တွင် ရုပ်လုံးရုပ်ကြွ ၅၀ စီက ဦးညွှတ်ဟန်၊ ဦးမှပဲ့အထိ ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော်ကို ပြည်ကြီးမွန်လှေဟု ခေါ်ဆိုကြသည်။

လှေသဘင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းတော်၊ ရွှေခဲလှေတော်၊ နတ်မြားလှေ၊ ရတုံးလှေ စသည့်လှေအမျိုးအစားအလိုက်ပါဝင်ပြိုင်ဆိုင်ကြသည်။

တော်သလင်းလတွင်ကျင်းပသော မြန်မာ့ရိုးရာလှေပြိုင်ပွဲမှတစ်ဆင့် တိုင်းရင်းသားပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်း၊ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ ဖွဲ့သတ္တိနှင့် လုံ့လဝီရိယရှိခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

တော်သလင်းလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များအတွက် ဂရုဓမ္မအခါတော်နေ့အဖြစ်သတ်မှတ်ထားကြသည်။ ထိုနေ့သည် ငါးပါးသီလကို အသက်ထက်ဆုံးလုံခြုံအောင်စောင့်ထိန်းကြရန် အသိပေးသောနေ့ဖြစ်သည်။ ဂရုဓမ္မသည် လူသားတို့တလေးတစားစောင့်ထိန်းအပ်သည့် ငါးပါးသီလပင်ဖြစ်သည်။ ဂရုဓမ္မသည် ကုရုဓမ္မမှ ပြောင်းလဲလာခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအလောင်းတော်ဘဝတစ်ခုတွင်ဖြစ်သည်။ ဘုရားအလောင်းတော်သည် ကုရုတိုင်းတွင် မင်းအဖြစ်အုပ်ချုပ်ခွင့်ရပြီး မင်းကျင့်တရားဆယ်ပါးနှင့်အညီ ငါးပါးသီလ (ဂရုဓမ္မ)ကို စောင့်ထိန်းပြီးအုပ်ချုပ်ခဲ့သည်။

ငါးပါးသီလ(ဂရုဓမ္မ)ကို ဘုရားအလောင်းတော်မင်း စောင့်ထိန်းသကဲ့သို့ ဘုရားအလောင်းတော်၏ မယ်တော်၊ မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်း၊ ပုရောဟိတ်ပုဏ္ဏား၊ အမတ်၊ ရထားထိန်း၊ သူဌေး၊ အမတ်ကြီး၊ တံခါးစောင့်၊ ပြည့်တန်ဆာအမျိုးသမီးတို့ကလည်း စင်ကြယ်စွာစောင့်ထိန်းကြသည်။ ထိုသို့ငါးပါးသီလ (ဂရုဓမ္မ)ကိုစောင့်ထိန်းမှုကြောင့် တိုင်းပြည်ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာဝပြောစည်ပင်လျက်ရှိသည်။ ဘုရားအလောင်းတော်သည် မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်ခြောက်ဌာနမှာ အလှူမဏ္ဍပ်များဆောက်လုပ်ပြီး လှူဒါန်းမှုပြုလုပ်သည်။ တိုင်းပြည်အုပ်ချုပ်သောမင်းစောင့်ထိန်းသည့်အတိုင်း တိုင်းသူပြည်သားများကလည်း ငါးပါးသီလ ဂရုဓမ္မကို ဆောက်တည်စောင့်ထိန်းကြသည်။

ဘုရားအလောင်းတော်၏ကုရုတိုင်းပြည်အနီးအနားရှိ ကာလိင်္ဂတိုင်းတွင် ကာလိင်္ဂမင်းအုပ်ချုပ်လျက်ရှိသည်။ ကာလိင်္ဂတိုင်းတွင် ငတ်မွတ်ခြင်း၊ ရောဂါများဖြစ်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းစသည့် ဘေးသုံးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ အကြောင်းမှာ မိုးရွာသွန်းခြင်းမရှိ မိုးခေါင်နေ၍ဖြစ်သည်။

မိုးရွာစေရန် ကာလိင်္ဂမင်းသည် ရှေးမင်းများအတိုင်း မင်းကျင့်တရားဆယ်ပါး၊ ဒါန၊ သီလများ ပြုကျင့်သည်။ သို့သော် မိုးရွာသွန်းခြင်းမရှိဖြစ်နေဆဲ။ ကုရုတိုင်းရှိ ဆင်ဖြူတော်ကိုအလှူခံပြီး သယ်ဆောင်ပါသော်လည်း မိုးရွာခြင်းမရှိ ရာသီဥတုဆိုးရွားနေဆဲဖြစ်သည်။

နောက်ဆုံးမှာ ကုရုတိုင်းမှ ဘုရားအလောင်းတော်မင်းအပါအဝင် တိုင်းသူပြည်သားများအားလုံးငါးပါးသီလ(ဂရုဓမ္မ)ကို စောင့်ထိန်းမှုကြောင့်တိုင်းပြည်ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာဝပြောစည်ပင်လျက်ရှိသည်ကို ကာလိင်္ဂတိုင်းမင်းနှင့် တိုင်းသူပြည်သားများက သိရှိနားလည်သဘောပေါက်လာကြသည်။

စောင့်ထိန်းမှုပြုသည့် ဂရုဓမ္မငါးပါးသီလ၏ အကျိုးဆက်ပင်ဖြစ်ကြောင်းကို သိလာကြသည်။ ထိုအခါ ကာလိင်္ဂတိုင်းမင်းနှင့် တိုင်းသူပြည်သားများက ဂရုဓမ္မ ငါးပါးသီလပွားများဆောက်တည်စောင့်ထိန်းမှုပြုကြသည်။

ထိုဂရုဓမ္မငါးပါးသီလစောင့်ထိန်းခြင်းကြောင့် ကာလိင်္ဂတိုင်း ရာသီဥတုကောင်းမွန်မှန်ကန်လာသည်။ ငတ်မွတ်ခြင်း၊ ရောဂါများဖြစ်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း ဘေးသုံးပါးမှလွတ်ကင်းပြီး တိုင်းပြည်အေးချမ်းသာယာဝပြောခဲ့ရသည်။

ဂရုဓမ္မသည် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကိုအထူးထိန်းသိမ်းစောင့်ရှောက်ရသော ငါးပါးသီလတရားဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့အခါသမယတွင် ငါးပါးသီလစောင့်ထိန်းခြင်းပြုလုပ်ဆောင်ရွက်ကြရင်း အေးချမ်းသာယာစည်ပင်ဝပြောသော သုခအဖြာဖြာတို့ရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ဝင်းထွဋ်ဦး**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင်တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့်မျိုးဆက်သစ်လူငယ်များအကြားတွင် အမျိုးသားရေးစိတ်ဓာတ်များပိုမိုထွန်းကားပြန့်ပွားနေစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်ခရိုင်မှ (၁၅-၂၀)အဆင့် ပြိုင်ပွဲဝင် မောင်ကောင်းပြည့်ဟိန်းက "မောင့်တိုင်းပြည်" သီချင်းဖြင့်လည်းကောင်း၊ တောင်ငူခရိုင်မှပြိုင်ပွဲဝင် မောင်ဟိန်းထက်ပိုင်က "ရွှေမင်းဂံ"သီချင်းတီးခတ်၍ လည်းကောင်း၊ ပြည်ခရိုင်မှ (၁၅-၂၀)အဆင့် ပြိုင်ပွဲဝင် မရွှန်းလဲ့လဝန်းထွန်းက အကဖြင့်လည်းကောင်း၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်က ဆိုင်းဖြင့်တီးခတ်၍ မဟေမန်ကျော်က "သူဌေးဝါဒ"သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒိုင်အဖွဲ့ဝင်များနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**







# ကရင်ပြည်နယ် ဘားအံမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်အားကစားကွင်း၌ အလျားပေ ၂၀၀၊ အနံပေ ၁၃၀ ရှိ ဖွဲ့ကပင်အားကစားရုံ တည်ဆောက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်း ၁၃ ခု၊ ကျက်သရေဆောင်ကြာအင်းတောင်ခြေ၌ သာသနာ့ဝေစည်ဓမ္မဗိမာန်တော်ကြီး တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ UHM DEVELOPMENT CO.,LTD. ပိုင် မြေရိယာ ၃ ဒသမ ၃၄၄ ဧကပေါ်၌ တည်ဆောက်လျက်ရှိသော Zwekabin Plaza နှင့် မြေညီထပ်တွင် စျေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုကိုကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဝါသနာရှင်များနှင့်အတူ ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ပြည်နယ်လူငယ်စင်တာ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့်စနူကာ ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယနေ့ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို စက်တင်ဘာလ ၂ ရက်မှ ၄ ရက်အထိ 9 Ball ပြိုင်ပွဲနှင့် 15 Red Snooker ပြိုင်ပွဲဟူ၍ အမျိုးအစားနှစ်မျိုးခွဲ ကျင်းပသွားမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသူများအား ဂုဏ်ပြုဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အလားတူ ထားဝယ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သက်ဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေး

**မုံရွာ စက်တင်ဘာ ၃**

မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ သဲဖြူဆရာတော်ကြီးအားအမှူးထား၍ အလှူရှင်များ၏လှူဒါန်းမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဦးဆောင်ပါဝင်ပံ့ပိုးမှုတို့ဖြင့် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လာရောက်ပြသကြသည့် ဒေသခံပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား စမ်းသပ်ခွဲစိတ်ကုသပေးနေမှုကို လိုက်လံကြည့်ရှုကာ မျက်စိခွဲစိတ်လူနာများကို နေကာမျက်မှန်များနှင့် သောက်ဆေးများလိုက်လံပေးအပ်သည်။ ဩဂုတ်လ ၂၉ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ စမ်းသပ်ပြင်ပလူနာပေါင်း ၄၁၆၇ ဦး၊ အကြီးစားခွဲစိတ်လူနာပေါင်း ၂၈၂ ဦး၊ အသေးစားခွဲစိတ်လူနာပေါင်း ၇၃ ဦးတို့ကို စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။



မွန်းလွဲပိုင်းတွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ အနော်ရထာလမ်း ကျောက်ကာလမ်းမှ အောင်မဟာလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်များသို့ ရောက်ရှိပြီး နိုင်လွန်ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ ဆည်မြောင်း၊ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)နှင့် စက်မှုလယ်ယာဦးစီးဌာနရုံးတို့သို့ရောက်ရှိ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဆောင်ရွက်ပေးကာ အဆိုပါရုံးဝင်းများအတွင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ရွှေဝါငါးကြင်း/ငါးမြစ်ချင်း/ငါးခုံးမကောင် ရေ ၅၀၀ မွေးမြူထားရှိမှုနှင့် ဒေသကြက်မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခနုဖြူမြို့နယ်၌ တောင်သူများအား ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်

ခနုဖြူ စက်တင်ဘာ ၃


ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်ရှိ ကျေးရွာအုပ်စုများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသည့် တောင်သူများအတွက် ဈေးနှုန်းသက်သာသော ဓာတ်မြေသြဇာများဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာလ ၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်အကျုံးမဝင်သည့် မိုးစပါးစိုက်ပျိုးသော တောင်သူများအား ဓာတ်မြေသြဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်စေရန် ပို့ဆောင်ရောင်းချပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ပြင်ပပေါက်ဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်စေရန်၊ သီးနှံပေါ်ပေး(အကြွေး)စနစ်ဖြင့် တောင်သူများအဆင်ပြေစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ဓာတ်မြေသြဇာများအသုံးပြု၍ စပါးအထွက်နှုန်းတိုးပါက တောင်သူများ အဆင်ပြေစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်က လုပ်ငန်းအစီအစဉ်နှင့် စာချုပ်စည်းကမ်းများကို ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ဝင်းနိုင်က ဓာတ်မြေသြဇာဖြန့်ဖြူးခြင်းအစီအစဉ်ကို ပြောကြားသည်။

ထို့နောက် မြို့နယ်ဓာတ်မြေသြဇာသယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ မိုးစပါးစိုက်ပျိုးတောင်သူများထံ မြင်းပျံယူရီးယားဓာတ်မြေသြဇာအိတ် ၁၁၇၅၀၊ စွဲမက်ကွန်ပေါင်း ၁၃၇ အိတ်၊ အာမိုကွန်ပေါင်းအိတ် ၂၅၀၀၊ GBS ကွန်ပေါင်း ၁၃၆ အိတ်၊ ရွှေမြေကွန်ပေါင်း ၂၂၂၇ အိတ်ကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)




# ကော့သောင်းမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး ကဗျာပြိုင်ပွဲကျင်းပ



ကော့သောင်း စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၃ ရက်တွင် ကျင်းပသည်။

အဆိုပါ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် လူ့အဖွဲ့အစည်းတိုးတက်ဖို့ စာတတ်မြောက်ရေးကြိုးပမ်းစို့ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် စာတတ်မြောက်ရေးမှသည် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဆီသို့ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် စာမတတ်သူ ဖေးမကူခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် အသိဉာဏ်တိုးဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့က အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသူများကို စက်တင်ဘာလ ၈ ရက်တွင်ကျင်းပမည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# ရွှေတောင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပေး

ရွှေတောင် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထုတ်ချေးပေးခြင်းကို စက်တင်ဘာလ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က စက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများကို မတည်ရင်းနှီးငွေများ ထုတ်ချေးပေးရခြင်းအကြောင်းရင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဒေသတွင်းထွက်ကုန်များ တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးရာတွင် ရွှေတောင်မြို့နယ် မြို့မကျေးရွာအုပ်စုရှိ စက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးနှင့် ရွှေတောင်မြို့ ရိုးရာမောင်းချည်ထည်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း လုပ်ငန်းရှင် ၃၅ ဦးအတွက် စုစုပေါင်း ငွေကျပ် သိန်း ၃၅၀၀ ထုတ်ချေးပေးခဲ့သည်။

ယင်းအခမ်းအနားသို့ ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ရွှေတောင်မြို့နယ် မြို့မကျေးရွာအုပ်စုရှိ စက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးနှင့် ရွှေတောင်မြို့ ရိုးရာမောင်းချည်ထည်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# စေတုတ္တရာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

စေတုတ္တရာ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂ ရက်က အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာငြိမ်းက သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး ကြိုတင်ပြင်ဆင်ရေးနည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်နှင့်တွေ့ကြုံလာပါက မိမိသိရှိထားသည့် အသိပညာများကို လက်တွေ့အသုံးချကြရန်နည်းလမ်းများ၊ မိုးတွင်းကာလတွင် သတိထားနေထိုင်ကြရန်၊ မိုးလေဝသသတိပေးချက်များကိုနားထောင်ပြီး မိသားစုဝင်များနှင့် အနီးအနားရှိ ပြည်သူများအား အသိပေးကြရန်နှင့် ဘေးအန္တရာယ်ဖြစ်လာလျှင် ဘေးကင်းလုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် စသည့်သဘာဝဘေးအန္တရာယ် အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ဦးဆောင်၍ စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် Tian'anmen Rostrum ရှုစင်သို့တက်ရောက်နေရာယူကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့တက်ရောက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး သတ်မှတ်နေရာတွင်နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်သည်။


ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် Tian'anmen Rostrum ရှုစင်သို့တက်ရောက်နေရာယူကြသည်။

ထို့နောက် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားအားကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့် တက်ရောက်လာကြသည့်နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြအစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စစ်ရေးပြအခမ်းအနား မစတင်မီအချိန်တွင် တရုတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်နိုင်ငံတကာမှတက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်းရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။



နိုင်ငံ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်းရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)





# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attends the parade to mark the 80th Anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War

NAY PYI TAW September 3

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is currently in Beijing of the People's Republic of China at the invitation of President of the People's Republic of China H.E. Mr. Xi Jinping, attended the parade to mark the 80th Anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War at Tian'anmen Square in Beijing at 8 am Chinese standard time today.




An aerial view of the parade to mark the 80th Anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War.

Present at the parade were President of the People' Republic of China H.E. Mr. Xi Jinping, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, invited Heads of State, governments, members of the high-level Myanmar delegation and Chinese people.




President of the People' Republic of China H.E. Mr. Xi Jinping delivers address at the ceremony.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State took the salute of the Guard of Honour of the People's Republic of China and took designated places. The President of PRC cordially greeted them in individuals.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State had documentary photos taken together with the President of PRC.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State led by the PRC President took positions at the

See Page - 19

From Page - 21

Tian'anmen Rostrum.

The PRC President delivered an address at the commemorative parade and inspected the parade columns by car. The parade columns marched past the PRC President and Heads of State in a military parade procedure.

The Acting President and SSPC Chairman of the Republic of the Union of Myanmar and Heads of State attended the laucheon hosted by the PRC President.

The Acting President and SSPC Chairman of the Republic of the Union of Myanmar cordially held talks with Heads of State from the People's Republic of China, the Democratic People's Republic of Korea, the Republic of Korea, the Republic of Belarus, the Republic of Uzbekistan, the Islamic Republic of Pakistan, the Republic of Indonesia, the Republic of Malaysia, the Republic of Armenia among other attendees to the parade to discuss cooperation measures.

**100**



The parade to mark the 80th Anniversary of the victory in the Chinese People's War of Resistance against Japanese Aggression and the World Anti-Fascist War in progress.

# Wetlet Township cultivates over 4,000 acres of rainfed peanuts

WETLET September 3

A total of 4,260 acres of peanuts have been planted in Wetlet Township during this year rain crops planting season, according to the statistics of the Department of Agriculture for Wetlet Township.

Wetlet Township has planned to plant 5,986 acres of peanuts in the 2025-2026 rain crops planting season, and planting has begun since June this year, and 4,260 acres have been planted to date.

"We are also working to ensure that the target acres are met. As for oilseed crops, they are in a successful position. Peanut cultivation is increasing year by year," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

In Wetlet Township, one and a half baskets of peanut seeds are planted per acre, and the cultivation of peanuts costed more than Ks-200,000, including the costs of seed, labour, fertilizer, and pesticides. It is reported that more than 50 baskets are produced per acre.

**SMK**

# Shwebo District cultivates over 1,000 acres of rain-fed sunflowers

SHWEBO September 3

More than 1,000 acres of sunflowers have been planted during this year rain crops planting season in Shwebo District, Sagaing Region, according to the Department of Agriculture for Shwebo District.

Shwebo District is planning to plant 1,200 acres of sunflower during the 2025-2026 rain crops planting season, and planting has begun since June this year, and 1,075 acres have been planted so far.

"We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop. Sunflower, an oil crop, has more oil per acre than other peanuts and sesame. Sunflower is planted in the winter," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

This year, the total area of sunflower cultivation in Shwebo District is as per following: 36 acres in Shwebo Township, 782 acres in KhinU Township, 214 acres in Wetlet Township, and 43 acres in Kyaukmyaung Sub-Township, totaling 1,075 acres.

**SMK**

# Farmers plant more than 1,000 acres of vegetables in YeU Township

YEU September 3

Statistics of YeU District Agriculture Department stated that local farmers have grown more than 1,000 acres of vegetables as monsoon crops in YeU Township of Sagaing Region.

In 2025-2026 monsoon crop cultivation season, YeU Township earmarked cultivation of 3,500 acres of vegetables. Local farmers started cultivation of vegetables. So far, they have planted 1,604 acres of crops.

U Zaw Myint Tun, Head of YeU District Agriculture Department, disclosed: "Local authorities earmarked cultivation of more than 3,000 acres of vegetables this year. Local farmers planted over 1,000 acres of crops. Our department helps local farmers meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, cabbage, and cauliflower. Our department urges local farmers to grow crops in GAP system with the least of chemical residue."

This year, the township Agriculture Department conducts training courses for local farmers and agricultural staff to enhance their capacity for growing of vegetables in GAP system, produce healthy crops and expand sown acreage of crops.

Local farmers engaging in growing vegetables can earn increased incomes for their families. Officials of the Township Agriculture Department help them grow crops in systematic

It is reported that in YeU Township, a variety of seasonal vegetables are cultivated annually. These vegetable crops have been successfully grown, contributing to household income. The Township Agriculture Department is also providing awareness and technical guidance to farmers who wish to grow vegetables, focusing on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and repellents. **SK**

# Taze Township cultivates over 13,000 acres of rainfed paddy

TAZE September 3

More than 13,000 acres of rainfed paddy have been planted in Taze Township, YeU District, Sagaing Region during this year rain crops planting season, according to the statistics from the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 93,347 acres of rain-fed paddy have been planned to be planted in Taze Township. The planting of rain-fed paddy has started in June this year, and 13,269 acres have been planted to date.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for rain-fed paddy cultivation. We are conducting field visits to help farmers plant rain-fed paddy on time," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

This year, the relevant township agriculture department and farmers are working together to ensure that rain-fed paddy cultivation is carried out without any difficulties and is carried out systematically.

In Taze Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested rice under shelter.

**SK**

# Putin reveals details of major Russia-China gas deal



MOSCOW September 3

Pricing for the billions of cubic meters of Russian gas that will flow through the Power of Siberia 2 pipeline to China will be based on market principles, set by an objective formula rather than politics, President Vladimir Putin has said.

Speaking to journalists in Beijing on Wednesday, Putin said the two countries had reached consensus on the deal structure - reportedly the largest gas project on Earth. "This is not charity – we're talking about mutually beneficial agreements based on market principles," he stated.

The agreement was announced on Tuesday by Gazprom Chief Aleksey Miller after a meeting in Beijing attended by Putin, Chinese President Xi Jinping, and Mongolian President Ukhnaagiin Khurelsukh.

According to Putin, the project was made possible by rising energy demand from China's expanding economy and Russia's ability to meet it.

He stressed that China will be buying Russian energy at market rates, unlike the EU, which has to pay increased costs due to its push to wean itself off Russian oil and gas.

The Russian President said the deal was the result of years of work, adding, "Everyone is satisfied, everyone is pleased with the outcome."

Talks on the project have been ongoing since 2006, with the route and pricing terms repeatedly debated. The pipeline is expected to operate for at least 30 years once completed.

The 50 billion cubic meter per year pipeline will carry gas from western Siberia through Mongolia to northern China, with the Mongolian leg known as the Soyuz Vostok. Supplies will also be available for sale to Mongolian buyers.

The new Power of Siberia 2 route, together with existing pipelines and others set to expand, will boost Russian gas deliveries to China to over 100 billion cubic meters a year, Putin said. **RT**

# Wreckage of missing helicopter found in Indonesia

JAKARTA September 3

The wreckage of a helicopter carrying two crew members and six passengers was found in a jungle in Indonesia's South Kalimantan Province, an official said Wednesday evening, according to state news agency Antara.

Rescuers recovered a body believed to be a crash victim at about 3:50 pm. local time, roughly 100 meters from the wreckage, Yudhi Bramantyo, operations director at the National Search and Rescue Agency, told a press conference in Banjarbaru, the provincial capital.


The helicopter, operated by Eastindo Air, lost contact with air traffic control just eight minutes after taking off from an airport in Kotabaru District in South Kalimantan on Monday.

The aircraft, carrying three foreign nationals, was bound for Palangkaraya, capital of neighboring Central Kalimantan Province.

Bramantyo said search efforts were continuing, with rescuers believing the remaining victims were still inside the helicopter.

**Xinhua**

# Iran reports monthly oil export rise of 630,000 barrels



TEHRAN September 3

Iran's Oil Minister Mohsen Paknejad said Wednesday that the country's oil exports rose by nearly 630,000 barrels per month during the first four months of the current Iranian calendar year (March 21-July 22, 2025), compared to the same period last year.

Speaking on the sidelines of a cabinet meeting in Tehran, Paknejad said Iran faces no difficulties in selling its crude oil, according to the Oil Ministry's Shana News Agency.

The minister did not disclose the current level of oil production or exports but noted that production capacity is targeted to reach 4.8 million barrels per day by March 2029.

The export increase comes despite U.S. sanctions on Iran's oil and petrochemical sectors, which were tightened in 2018 after Washington withdrew from the nuclear deal, formally known as the Joint Comprehensive Plan of Action.

Separately, National Petrochemical Company (NPC) CEO Hassan Abbaszadeh said Iran produced 32 million tons of petrochemicals between March 21 and August 22, 2025. Of these, 13 million tons worth US$-5.5 billion were exported, Shana reported.

**Xinhua**

# Six killed in gun attack in NW Pakistan

ISLAMABAD September 3

At least six people were killed when a passenger vehicle came under attack in Pakistan's northwest Khyber Pakhtunkhwa Province on Wednesday, the police said.

The incident occurred in a rural area of Kurram District, where unknown assailants opened fire on the vehicle, Regional Police Officer of Kohat region Abbas Majeed Marwat said in a statement.

He said police and security forces immediately launched a search operation in the area following the attack.

So far, 12 suspects have been taken into custody, and a cache of weapons has been recovered during the ongoing operation, Marwat added.

Heavy contingents of police and security personnel are conducting house-to-house searches in the area to trace the attackers. No group has claimed the attack yet.

**Xinhua**

# Maduro says Venezuela faces "biggest threat" in 100 years amid U.S. naval buildup

CARACAS September 3

Venezuelan President Nicolas Maduro said Monday that his country is facing "the biggest threat our continent has seen in the last 100 years" as the United States steps up its naval presence near the country's territorial waters.

At a press conference, Maduro called the U.S. move an "unjustifiable" and "absolutely criminal threat." He said eight U.S. Navy ships carrying 1,200 missiles and one nuclear submarine were targeting Venezuela.

The United States has advanced what they call "maximum pressure," this time through military means, and in response Venezuela has declared maximum readiness to defend the nation, Maduro emphasized.

Maduro insisted Venezuela would not yield to "blackmail and threats," adding that the country is peaceful but would fight to defend its territory if attacked.

He rejected U.S. drug-trafficking allegations against his government, stressing that Venezuelan security forces have intercepted large drug shipments and neutralized hundreds of aircraft used by criminal groups.

**Xinhua**

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing visits Tebian Electric Apparatus (TBEA) company in Beijing



Senior General Min Aung Hlaing observes displays of Tebian Electric Apparatus (TBEA) Company.

NAY PYI TAW September 3

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who is in the People's Republic of China to pay a working visit, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, Commission members, union ministers, senior military officers from the Office of the Commander-in-Chief, deputy ministers and officials of the delegation, visited Tebian Electric Apparatus (TBEA) Company in Beijing at 5 pm local time.

On arrival at the TBEA, the Senior General and party were warmly welcomed by the company chair and staff.

The Senior General and party were conducted round the displays on the power stations erected by TBEA, energy generation all over the world, mineral production undertakings, manufacturing and installation of electrical apparatus at the company office. They asked for more information, and joined in the discussions.

At a meeting held at the company meeting hall, the Senior General and party and the hosts cordially discussed functions of the TBEA, areas where the company can erect hydropower and solar power stations in Myanmar, generation of job opportunitiesand national economic growth through the construction of electrical apparatus manufacturing industries in Myanmar for domestic consumption and export, production of finished goods through the joint mining enterprises, and joint power generation in Myanmar.

Senior General Min Aung Hlaing signed the visitors' book of the company and exchanged gifts with the company chair.

**100**



Senior General Min Aung Hlaing signs the visitors' book of theTebian Electric Apparatus (TBEA) Company.

## Shwebo Township grows more than 9,000 acres of groundnut this year

SHWEBO September 3

According to records from the Shwebo Township Department of Agriculture, over 9,000 acres of groundnut have already been cultivated during this year's monsoon cropping season in Shwebo Township, Shwebo District, Sagaing Region.

In the 2025-2026 monsoon cropping season, a total of 10,370 acres of groundnut were planned for cultivation in Shwebo Township. Planting began in May this year, and as of today, 9,009 acres have been successfully cultivated.

"This year, over 10,000 acres of groundnut are targeted for cultivation in Shwebo Township during the monsoon season. So far, more than 9,000 acres have already been cultivated. Efforts are ongoing to meet the full target acreage. As an oil crop, groundnut is in a successful position, and cultivation has been increasing year by year," said U San Oo, Head of the Shwebo Township Department of Agriculture.

Farmers need to use 1.5 baskets of quality seeds of groundnut in cultivation and they have to spend more than Ks-200,000 per acre for labour charge, cost of fertilizers and pests. But, they can bag more than 50 baskets of groundnut per acre.

This year, officials of the agriculture department made field trips to the groundnut plantations in the township and advised local farmers to thrive the corps, prevent pests and remove weeds. **SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား ကျင်းပ




ပေကျင်း၊ ပြည်တွင်းရေး

တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကြီးကိုတရုတ်နိုင်ငံပေကျင်းမြို့ရှိ တီယန်အန်မင်ရင်ပြင်၌ စက်တင်ဘာလ ၃ ရက်တွင် ကျင်းပသည်။

အဆိုပါစစ်ရေးပြအခမ်းအနား၌ တရုတ်နိုင်ငံအနေဖြင့် မတည်ငြိမ်မှုများနှင့်မသေချာမှုများဖြစ်ပေါ်နေသည့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးကို ဖော်ဆောင်ရန်ကတိပြုကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်ကပြောသည်။

ထိုစစ်ရေးပြအခမ်းအနားကို တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးဖြစ်သည့်အပြင် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌလည်းဖြစ်သည့် သမ္မတရှီကျင့်ဖျင်က တပ်ဖွဲ့များကိုကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြတပ်ဖွဲ့၏အလေးပြုမှုကိုခံယူသည်။

ယင်းစစ်ရေးပြအခမ်းအနားသို့ သမ္မတရှီကျင့်ဖျင်၏ဘေးတစ်ဖက်တစ်ချက်တွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့က နေရာယူပြီး ဖိတ်ကြားထားသောနိုင်ငံ ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်သည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကာလအတွင်း တရုတ်နိုင်ငံ၏ တွန်းလှန်တိုက်ခိုက်မှုကို ကူညီပေးခဲ့သည့် ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ သို့မဟုတ် မိသားစုဝင်များသည်လည်း တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ ထိုစစ်ရေးပြအခမ်းအနားသို့တက်ရောက်သည်။

ယခုကျင်းပသော စစ်ရေးပြအခမ်းအနားသည် ဂျပန်တို့၏ကျူးကျော်တိုက်ခိုက်မှုနှင့် တစ်ကမ္ဘာလုံးဆိုင်ရာဖက်ဆစ်ဆန့်ကျင်ရေးအတွက် တရုတ်ပြည်သူများ၏ခုခံတော်လှန်ရေးစစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ်ဖြစ်ကာ ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပပြီးနောက် ယခုအခါ ဒုတိယအကြိမ်အဖြစ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါစစ်ပွဲကြီးသည် တရုတ်နိုင်ငံက ခေတ်သစ်ကာလတွင် ပြည်ပကျူးကျော်မှုကို အောင်မြင်သည့်ပထမဆုံးသောစစ်ပွဲကြီးဖြစ်ကြောင်း၊ တရုတ်ပြည်သူများသည် စစ်ပွဲအတွင်း အသက်နှင့်ခန္ဓာကိုယ်ကိုစွန့်လွှတ်ခြင်းအားဖြင့်လူနေမှုစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ပေးခဲ့သူများဖြစ်ကြောင်း၊ ထို့ပြင် ကူညီပေးခဲ့သည့်နိုင်ငံများသည်လည်း စစ်ပွဲဖြစ်ပွားစေသည့်အကြောင်းရင်းကို သုတ်သင်ရှင်းလင်းပြီး အလားတူစစ်ပွဲမျိုးထပ်မဖြစ်စေအောင် ကာကွယ်ပေးခဲ့ကြောင်း ရှီကျင့်ဖျင်က စစ်ရေးပြအခမ်းအနားမိန့်ခွန်းတွင်ထည့်သွင်းပြောသည်။

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်တွင် ဂျပန်နိုင်ငံက လက်နက်ချကြောင်းသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးပြီးနောက် ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားခြင်းဖြစ်သည့်အတွက် တရုတ်နိုင်ငံက စက်တင်ဘာလ ၃ ရက်ကို တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပသည့် စစ်ရေးပြအခမ်းအနားကြီးတွင် စစ်သည်အင်အား ၁၀၀၀၀ ကျော်က စစ်လေယာဉ်ပေါင်း ၁၀၀ ကျော်၊ မြေပြင်ပစ်လက်နက်အမျိုးအစား ရာပေါင်းများစွာနှင့်အတူ ပါဝင်စစ်ရေးပြခြင်းဖြစ်သည်။

ထို့ပြင် ယင်းစစ်ရေးပြအခမ်းအနား၌ တရုတ်နိုင်ငံထုတ် အဆင့်မြင့်စစ်လက်နက်ပစ္စည်းအသစ်များကိုလည်း ထုတ်ဖော်ပြသခဲ့သည်ကိုတွေ့ရသည်။ အဆိုပါစစ်လက်နက်ပစ္စည်းများတွင် ကင်းထောက်တိုက်ခိုက်ရေးဒရုန်းများ၊ တိုက်လေယာဉ်များအတွက်တွဲဖက်ဒရုန်းများ၊ သင်္ဘောအခြေပြု မောင်းသူမဲ့ရဟတ်ယာဉ်များလည်း ပါဝင်သည်။

အလားတူ ထိုစစ်ရေးပြအခမ်းအနား၌ မြေပြင်၊ ရေပြင်၊ ဝေဟင်အခြေပြု နျူကလီးယားလက်နက်များကို နိုင်ငံ၏သုံးပွင့်ဆိုင်နျူကလီးယားလက်နက်များအဖြစ် ပထမဆုံးအကြိမ်ထုတ်ဖော်ပြသသည်။ အဆိုပါသုံးပွင့်ဆိုင်နျူကလီးယားလက်နက်များတွင် JingLei-1 ဝေဟင်အခြေပြု တာဝေးပစ်ဒုံးကျည်၊ JuLang-3 ရေငုပ်သင်္ဘောအခြေပြု တိုက်ချင်းပစ်ဒုံးကျည်၊ DongFeng-61 မြေပြင်အခြေပြု တိုက်ချင်းပစ်ဒုံးကျည်နှင့် DongFeng-31 မြေပြင်အခြေပြု တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားအသစ်တို့ပါဝင်သည်။

ထို့ပြင် လောင်စာရည်သုံးတိုက်ချင်းပစ်မဟာဗျူဟာမြောက်နျူကလီးယားဒုံးကျည်များဖြစ်သည့်အပြင် တစ်ကမ္ဘာလုံးရှိမည်သည့်နေရာကိုမဆိုရောက်ရှိနိုင်စွမ်းရှိသော DongFeng-5C ဒုံးကျည်များကိုလည်း ထိုစစ်ရေးပြအခမ်းအနား၌ ထည့်သွင်းပြသခဲ့သည်။

ထို့အတူ ပင်လယ်ပြင်အခြေပြုမောင်းသူမဲ့စစ်ဆင်ရေးသုံးလက်နက်များကိုလည်း စစ်ရေးပြအခမ်းအနား၌ထုတ်ဖော်ပြသခဲ့သည်ကိုတွေ့ရသည်။ အဆိုပါလက်နက်များတွင် မောင်းသူမဲ့ရေအောက်သွားယာဉ်အမျိုးအစားအသစ်များ၊ လှေများနှင့် မိုင်းခင်းစနစ်များပါဝင်သည်။ အလားတူ YingJi-19၊ YingJi-17 နှင့် YingJi-20 တို့အပါအဝင် အသံနှုန်းလွန်သင်္ဘောဖျက်ဒုံးကျည်များလည်းပါဝင်ကြောင်းသိရသည်။ **Ref: Xinhua**

## ဂါဇာစစ်ပွဲကြောင့် ကလေးငယ် ၂၁၀၀၀ ခန့် ကိုယ်လက်အင်္ဂါများဆုံးရှုံးရ

ဂျီနီဗာ၊ စစ်ရေး

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်မှစ၍ အစ္စရေးနှင့်ဟားမက်တို့ကြားဖြစ်ပွားနေသည့် ဂါဇာစစ်ပွဲကြောင့် ကလေးငယ် ၂၁၀၀၀ ခန့်မှာ ကိုယ်လက်အင်္ဂါများဆုံးရှုံးရကြောင်း ကုလသမဂ္ဂ၏မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီက စက်တင်ဘာလ ၃ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါစစ်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ထိခိုက်ဒဏ်ရာရရှိသည့်ကလေးငယ်စုစုပေါင်း ၄၀၅၀၀ ဝန်းကျင်အထိရှိကြောင်း၊ ၎င်းတို့အနက်ထက်ဝက်ကျော်မှာ ကိုယ်လက်အင်္ဂါများဆုံးရှုံးပြီး မစွမ်းမသန်ဖြစ်ရကြောင်း ကော်မတီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုအခြေအနေကိုကြည့်ပါက အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာမြို့သိမ်းတိုက်ပွဲဆင်နွှဲရေးအတွက် ပြည်သူများရွှေ့ပြောင်းရေးထုတ်ပြန်သည့်အမိန့်များသည် အမြင်အာရုံ သို့မဟုတ် အကြားအာရုံချို့တဲ့သွားရသူများထံသို့ ရောက်ရှိစေနိုင်မည်မဟုတ်ကြောင်း ကော်မတီ၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ ထို့ပြင် ဂါဇာဒေသအပေါ် လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့ရေးပစ္စည်းပေးပို့မှု ကန့်သတ်ထားခြင်းသည် မစွမ်းမသန်သူများအတွက် မမျှတမှုကိုဖြစ်ပေါ်စေကြောင်း ကော်မတီကပြောသည်ဟုသိရသည်။ **Ref: AGC**

## ဇီလန်စကီကို မော်စကိုမြို့၌လက်ခံတွေ့ဆုံရန် ပူတင်အသင့်ရှိဟုဆို



မော်စကို၊ နိုင်ငံရေး


ရုရှားသမ္မတဗလာဒီမာပူတင်က ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီကို ရုရှားနိုင်ငံ မော်စကိုမြို့၌ လက်ခံတွေ့ဆုံသွားရန် အသင့်ရှိကြောင်း၊ သို့သော် အဆိုပါတွေ့ဆုံမှုသည် ကောင်းစွာကြိုတင်ပြင်ဆင်မှုရှိရမည်ဖြစ်သည့်အပြင် အပြုသဘောဆောင်သောရလဒ်များထွက်ပေါ်လာစေနိုင်ရေး ဦးတည်ရမည်ဖြစ်ကြောင်း ပြောထားသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် တရုတ်နိုင်ငံသို့ရောက်ရှိနေစဉ် ပေကျင်းမြို့ရှိ ဧည့်ဂေဟာ၌ စက်တင်ဘာလ ၃ ရက်တွင် ဆောင်ရွက်သော သတင်းစာရှင်းလင်းပွဲ၌ ယခုကဲ့သို့မှတ်ချက်ပြုပြောခြင်းဖြစ်သည်။

ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ အလက်စကာမြို့၌တွေ့ဆုံစဉ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပူတင်ကို ဇီလန်စကီနှင့်တွေ့ဆုံဆွေးနွေးမှုလုပ်ရန် တောင်းဆိုကြောင်း၊ ထိုတောင်းဆိုမှုနှင့်ပတ်သက်၍ ဇီလန်စကီသာအသင့်ဖြစ်ပါက မော်စကိုမြို့သို့လာရောက်ကာ ဆွေးနွေးမှုများလုပ်ဆောင်နိုင်သည်ဟု ထရမ့်ကိုပြောလိုက်ကြောင်း ပူတင်ကပြောထားသည်ဟုသိရသည်။

**Ref: RT**

# ဒုံးပျံအစိတ်အပိုင်းကို ကုန်ကျစရိတ်အသက်သာဆုံးနဲ့ အမြန်ဆုံးထုတ်ပေးမယ့် သရီးဒီပရင်တာ



ဆွစ်ဇာလန်နိုင်ငံမှ ကျောင်းသားများက သရီးဒီပရင်တာတစ်လုံးကို တီထွင်ဖန်တီးလိုက်ပါတယ်။ တခြားသူတွေလည်း ဒီလိုမျိုး သရီးဒီပရင်တာတွေကို တီထွင်ဖန်တီးကြပေမယ့် အခုဖန်တီးမှုကတော့ အာကာသနယ်ပယ်အတွက် လွန်စွာအကျိုးရှိစေမယ့် တီထွင်မှုဖြစ်ပါတယ်။

အခုကျောင်းသားတွေဖန်တီးလိုက်တဲ့ သရီးဒီပရင်တာက အမြန်နှုန်းလည်း မြင့်မားတဲ့အပြင် သတ္တုကုန်ကြမ်းပစ္စည်းများကိုပါ အချောထည်အဖြစ်ထုတ်လုပ်ပေးနိုင်မယ့် ပရင်တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဖန်တီးလိုက်တဲ့ပရင်တာက အာကာသနယ်ပယ်အတွက် အလွန်အကျိုးရှိစေမယ့် ပရင်တာဖြစ်တယ်လို့ပြောလိုက်ရခြင်းဖြစ်ပါတယ်။

အကြောင်းရင်းကတော့ အဲဒီလိုပရင်တာတွေကို တစ်ပြိုင်နက်တည်းအသုံးပြုမယ်ဆိုရင် ဒုံးပျံအတွက်လိုအပ်တဲ့ နော်ဇယ်တို့၊ နီကယ်သတ္တုစပ် ဒုံးပျံကိုယ်ထည်တို့ကို အဆင့်တစ်ခုတည်းနဲ့ အချိန်တိုအတွင်း ထုတ်လုပ်နိုင်တဲ့အတွက်ကြောင့်ပါပဲ။ ဒါ့အပြင် လည်ပတ်မှုရှိတဲ့ အင်ဂျင်များကိုပါ ထုတ်လုပ်နိုင်စွမ်းရှိတယ်လို့ ပရင်တာကို တီထွင်သူကျောင်းသားများကပြောထားပါတယ်။ အထူးသဖြင့် အခုသရီးဒီပရင်တာကိုဖန်တီးသူကျောင်းသားများက လည်ပတ်မှုရှိတဲ့ LPBF စနစ်ကိုအသုံးပြုထားတာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# သံချပ်ကာကိုဖောက်ထွင်းပြီး ပတ်ပတ်လည်မြင်နိုင်စွမ်းကိုပေးမယ့် တရုတ်နိုင်ငံရဲ့ AR ကိရိယာ




တရုတ်နိုင်ငံက သူတို့ရဲ့သံချပ်ကာယာဉ်တင်စစ်သည်များအတွက် ကိရိယာတစ်မျိုးကို ဖန်တီးပေးလိုက်ပါတယ်။ အဲဒီကိရိယာက Augmented Reality (AR) ကိရိယာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကိရိယာက သာမန် AR တွေလိုမျိုးမဟုတ်ပါဘူး။ သံချပ်ကာယာဉ်တင်စစ်သည်များက သံချပ်ကာယာဉ်အတွင်းမှာသာရှိနေပေမယ့် သံချပ်ကာကိုပင်ဖောက်ထွင်းပြီး ပတ်ပတ်လည်မြင်နိုင်စွမ်းကိုပေးနိုင်တဲ့ AR မျိုးဖြစ်ပါတယ်။ ဒီလိုအဆင့်မြင့်ကိရိယာကိုတပ်ဆင်ပေးလိုက်တဲ့အတွက် စစ်မြေပြင်နဲ့ပတ်သက်ပြီးသိရှိမှုကိုတိုးမြင့်စေမယ့်အပြင် ရန်သူအပေါ် တုံ့ပြန်မှုအတွက် ကြာမြင့်ချိန်ကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

အဲဒီစနစ်အတွက် သံချပ်ကာယာဉ်မှာ တပ်ဆင်ထားတဲ့ ကင်မရာများစွာနဲ့အာရုံခံကိရိယာများစွာကို ချိတ်ဆက်အသုံးပြုထားတာပါ။ ဒီစနစ်က ယာဉ်ရဲ့အခြေအနေ၊ ခဲယမ်းကျန်ရှိမှုအခြေအနေ၊ ပစ်မှတ်သတ်မှတ်မှုအချက်အလက်တွေကိုလည်း ပေးနိုင်ဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုက်ယာဉ်မှူး၊ ယာဉ်မောင်းနဲ့ သေနတ်သမားတို့အနေနဲ့ ကိုယ်ဆောင်ရွက်ရမယ့်လုပ်ငန်းနဲ့ ကိုက်ညီတဲ့အခြေအနေကို ရွေးချယ်ကြည့်ရှုနိုင်ပါသေးတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်ပညာရှင်များက အိမ်သုံးဝိုင်ဖိုင်လွှင့်စက်များကို နှလုံးခုန်နှုန်းစောင့်ကြည့်ရေးစက်များအဖြစ်ပြောင်းလဲ



နည်းပညာတွေမြင့်မားလာတာနဲ့အမျှ ကိုယ့်အိမ်မှာရှိတဲ့ ဝိုင်ဖိုင်လွှင့်စက်များက အင်တာနက်ကိုအသုံးပြုမှုတစ်ခုတည်းအတွက်သာ အသုံးဝင်တော့တာမဟုတ်ပါဘူး။ အဲဒီစက်တွေက ကိုယ့်ရဲ့နှလုံးခုန်သံတွေကိုပါ ထောက်လှမ်းသိရှိနိုင်နေပြီဖြစ်ပါတယ်။ ဒီလိုထောက်လှမ်းသိရှိနိုင်စေဖို့အတွက် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက စနစ်တစ်ခုကို တီထွင်ဖန်တီးလိုက်ပါတယ်။ အဲဒီစနစ်က ကြိုးမဲ့လှိုင်းနှုန်းများကို ဆေးဘက်ဆိုင်ရာကိရိယာတစ်ခုအဖြစ်ပြောင်းလဲပေးမှာပါ။

ဝိုင်ဖိုင်လွှင့်တဲ့စက်နဲ့ လက်ခံတဲ့စက်က နှလုံးခုန်နှုန်းကို တိုင်းတာနိုင်ကြောင်းနဲ့ ဒီလိုတိုင်းတာရာမှာလည်း ဘယ်လိုစမတ်နာရီ၊ ရင်စည်းကြိုး၊ ဆေးရုံသုံးစောင့်ကြည့်ရေးစနစ်တို့မလိုအပ်ဘဲ တိကျမှုရှိစွာ တိုင်းတာနိုင်တယ်ဆိုတာကို သုတေသနပြုလေ့လာမှုတွေမှာ တွေ့ရှိထားပါတယ်။ ဒီစနစ်ကိုတော့ Pulse-Fi လို့အမည်ပေးထားပြီးဒီစနစ်အတွက် နေအိမ်များ၊ ရုံးများမှာရှိတဲ့ ဈေးမကြီးတဲ့ပစ္စည်းတွေကို အသုံးပြုထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# Shake It Off သီချင်းဖြင့်ကခုန်မှုမှ တုန်ခါမှုလှိုင်းကို ၆၂ မိုင်အကွာမှဖမ်းယူရရှိ



ကမ္ဘာကျော်အဆိုတော် တေလာဆွစ် သီဆိုထားတဲ့ Shake It Off သီချင်းနဲ့ သူ့ပရိသတ်များကခုန်မှုက သိပ္ပံနယ်ပယ်မှာ မှတ်တမ်းတစ်ခုဝင်သွားတဲ့အထိကိုဖြစ်စေခဲ့ပါတယ်။ အကြောင်းရင်းက ၂၀၂၄ ခုနှစ် ဇူလိုင်လတုန်းက ဒဗ္ဗလင်မြို့မှာကျင်းပတဲ့ တေလာဆွစ်ရဲ့ ဂီတဖျော်ဖြေပွဲကြောင့်ပါပဲ။

အဲဒီဖျော်ဖြေပွဲမတိုင်မီမှာ ဒဗ္ဗလင်မြို့မှ သုတေသနပညာရှင်များက တေလာဆွစ်ဖျော်ဖြေမယ့် အေဗီဗာကွင်းကြီးပတ်ပတ်လည်မှာ တုန်ခါမှုတိုင်းကိရိယာတွေကို တပ်ဆင်ခဲ့ပါတယ်။ ဒီလိုတပ်ဆင်ရတဲ့အဓိကအကြောင်းရင်းက သီချင်းရဲ့စည်းချက်နဲ့အညီ ပရိသတ်များရဲ့လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာတဲ့တုန်ခါမှုကို တိုင်းတာလိုတဲ့အတွက်ဖြစ်ပါတယ်။

ဒီသုတေသနကို ဘူမိရူပသိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ အီလီနောဒန်းကဦးဆောင်တာဖြစ်ပြီး သူ့ရဲ့ထုတ်ပြန်ချက်အရဆိုရင် တေလာဆွစ်ရဲ့ပရိသတ်များကခုန်မှု၊ အော်ဟစ်အားပေးမှုကြောင့်ထွက်လာတဲ့ တုန်ခါမှုလှိုင်းများက ၆၂ မိုင်အကွာအဝေးကပင် ဖမ်းယူနိုင်တဲ့အထိ ပြင်းထန်ကြောင်းတွေ့ရှိရတယ်လို့ပြောထားပါတယ်။

တေလာဆွစ်အနေနဲ့ ကမ္ဘာကြီးကို တကယ်ပဲတုန်ခါစေသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး သိပ္ပံပညာရှင်များကအခုလိုလေ့လာမှုတွေလုပ်ဆောင်ခဲ့ရာမှ အံ့အားသင့်ဖွယ်ရာအချက်ကို တွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အာကာသယာဉ်မှူးများအတွက် ဆပ်ပြာမှုန့်မလိုအဝတ်လျှော်စက် တရုတ်ပညာရှင်များတီထွင်



အာကာသစခန်းမှာ ရေဆိုတာအရှားဆုံးသောအရာပါ။ အာကာသယာဉ်မှူးများဆိုတာကလည်း အဝတ်အစားတွေကို လျှော်ဖွပ်ပြီးမှ ဝတ်ချင်ကြပါတယ်။ ဒီနေရာမှာ အခက်အခဲတစ်ခုက အဝတ်လျှော်ဖို့အတွက် ရေမရှိတာပါ။ ဆပ်ပြာမှုန့်သုံးပြီး ရေနဲ့မလျှော်ဘူးဆိုရင် အဝတ်အစားတွေက ချွေးစော်နံနေမှာပါ။ ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့အတွက် တရုတ်သိပ္ပံပညာရှင်များက အဝတ်လျှော်စက်တစ်မျိုးကို တီထွင်လိုက်ပါတယ်။ ဒီအဝတ်လျှော်စက်က ကျစ်လျစ်မှုရှိတယ်။ ဆပ်ပြာမှုန့်မလိုဘူး။ သူ့ကို တရုတ်အာကာသယာဉ်မှူးသုတေသနနဲ့ လေ့ကျင့်ရေးဌာနက ထုတ်လုပ်လိုက်တာပါ။

အဲဒီအဝတ်လျှော်စက်က အလေးချိန်အားဖြင့် ၂၆ ပေါင်သာရှိပါတယ်။ သူက အဝတ်အထည်တွေကို သန့်စင်သွားစေဖို့အတွက် ရေငွေ့နဲ့အိုဇုန်းဓာတ်ငွေ့တို့ကိုသာ အသုံးပြုရမှာဖြစ်ပါတယ်။ ရေကိုလည်း ၄၀၀ မီလီလီတာမျှသာအသုံးပြုရမှာပါ။ ဒီပမာဏနဲ့ဆိုရင် အဝတ်အထည် ၈၀၀ ဂရမ်ကိုလျှော်နိုင်မှာဖြစ်ပါတယ်။ အဝတ်ကို ပိုးသတ်နိုင်ဖို့အတွက် အိုဇုန်းဓာတ်ငွေ့ကို ခရမ်းလွန်ရောင်ခြည်နဲ့ပေါင်းစပ်အသုံးပြုထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း (၁၆-၈-၂၀၂၅ ရက်နေ့မှ ၃၁-၈-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိသတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | မတ္တရာမြို့နယ် | ကောင်းမွန် | | | | | |
| | ၅ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၈ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | ကောင်းမွန် | | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ထားဝယ်မြို့ | - | ကောင်းမွန် | | | - | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | - | ကောင်းမွန် | | |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ချောင်းဆုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | သထုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | - | - | ကောင်းမွန် | | - | - |
| | ၂ | ကျိုင်းတုံမြို့ | ကောင်းမွန် | - | - | - | - | - |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | | | | | |
| | ၄ | မိုင်းဆတ်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်



နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေး စနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင် အထွက်နှုန်းပြည့်မီရေး ဆောင်ရွက်ပေး နေမှုအခြေအနေများကို ဆွေးနွေးပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သီးနှံပေါ်ပေးစနစ်ဖြင့်သွင်းအားစု များ ထောက်ပံ့ရာတွင် ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းမှာယူရီးယားတစ်အိတ် လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၈၉၅၀၀ နှင့် ကွန်ပေါင်းတစ်အိတ်လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၁၂၀၀၀၀ ဖြစ်ကြောင်း၊ ရန်ကုန်မှ သယ်ယူစရိတ်နှင့် သတ်မှတ်ကုန်ကျစရိတ်များအပါအဝင် ယူရီးယားနှင့် ကွန်ပေါင်းတစ်အိတ်လျှင် တောင်သူများ လက်ဝယ်အရောက် ပြင်ပ ဈေးထက်ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာနိုင်မည်ဖြစ်ကြောင်း၊ ပြင်ပဆိုင် များတွင်သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူပါက ပိုမိုကျသင့်မည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ နှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ် အတွင်းရှိ ကျေးရွာငါးရွာမှ မိုးစပါးစိုက် တောင်သူများကို ယူရီးယား၊ ကွန်ပေါင်း သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (စစ်ကိုင်း) သို့ရောက်ရှိပြီး မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ သည့်ကျောင်းအဆောက်အအုံများပြန်လည် ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်း) နောက်ဆုံးနှစ် တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များ၏တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်း နှင့် သက်မွေးပညာသိပ္ပံကိုလည်းကောင်း၊ မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ သည့် အဆောက်အအုံများ ပြန်လည်ပြုပြင် ပြီးစီးမှုအခြေအနေများ၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုးငွေချည်ထိုး သင်တန်း လက်တွေ့သင်ကြားနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မန္တလေး) သို့ရောက်ရှိပြီး ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက တာဝန် ရှိသူများအနေဖြင့် ကျောင်းသား၊ ကျောင်းသူ များ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ် များအဆင်ပြေအောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဆွေးနွေးမှာကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ သင်တန်းကျောင်း အတွင်း သံကူကွန်ကရစ်သုံးထပ်သင်တန်း သားအိပ်ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

မြဝတီ

# ၂၀၂၆ ယူ- ၂၃ အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်းနှင့်ကူဝိတ်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသား အသင်းနှင့် ကူဝိတ်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းတို့၏ ၂၀၂၆ ယူ-၂၃ အာရှဖလားခြေစစ်ပွဲကို ယနေ့ညနေပိုင်း တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘောလုံးချစ်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါခြေစစ်ပွဲတွင်မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ကူဝိတ် လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်း တို့သည် ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသား အသင်းသည် ၂၀၂၆ ယူ-၂၃ အာရှဖလား ခြေစစ်ပွဲစဉ် အုပ်စု(ခ)တွင် ကူဝိတ်၊ ဂျပန်နှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စက်တင် ဘာလ ၆ ရက်တွင် ဂျပန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့်လည်းကောင်း၊ စက်တင်ဘာလ ၉ ရက်တွင် အာဖဂန် နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသား အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစား သွားရမည်ဖြစ်ကြောင်း သိရသည်။



ဖွဲ့ထက်ကို(ပြန်/ဆက်)

# (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

(၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင် ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများ (18th AMME and Related Meetings)နှင့် အကြိမ်(၂၀) မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုး မြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (COP-20 AATHP)များကို စက်တင်ဘာလ ၂ ရက်မှ ၄ ရက်အထိ Hybrid စနစ်ဖြင့် မလေးရှားနိုင်ငံ က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သည့် မြန်မာကိုယ်စား လှယ်များက အွန်လိုင်းဖြင့်တက်ရောက် သည်။



အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး များ၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး များအဆင့် အစည်းအဝေးပထမပိုင်းတွင် ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး ဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Datuk Seri Johari Abdul Ghani နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ဒုတိယဝန်ကြီး ဦးမင်းသူတို့က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြား ကြကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က နိုင်ငံ အလိုက် Statement များ ဖတ်ကြားခြင်း၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီး များအဖွဲ့၏အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင် နိုင်ငံမှ ကိုယ်စားလှယ်က အာဆီယံ ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုလျှော့ချရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောမြို့ကြီးများ၊ ဓာတုစွန့်ပစ် ပစ္စည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာပညာပေး ရေး၊ ရေရှည်တည်တံ့သောထုတ်လုပ်မှု နှင့်စားသုံးမှုကိစ္စရပ်များဆိုင်ရာ အစီရင် ခံစာများနှင့်ရလဒ်များကို အတည်ပြုတင်ပြ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အကြိမ်(၂၀)မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးသဘောတူညီချက် ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး ဆက်လက်ကျင်းပပြီး အာဆီယံနယ်စပ် ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ် ရေး သဘောတူညီချက်ကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေး အတွက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုး မြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး ပူးပေါင်း ဆောင်ရွက်မှုလမ်းပြမြေပုံ (၂၀၂၃-၂၀၃၀) နှင့် အာဆီယံဒေသသစ်ဆွေးမြေစီမံခန့် ခွဲမှုမဟာဗျူဟာ (၂၀၂၃-၂၀၃၀) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးသဘောတူညီချက် ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ဆောင်ရွက်ချက် များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း၊ အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာ ရေးဌာန၏ အကဲဖြတ်ဆန်းစစ်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် မေလ အတွင်း ခြောက်သွေ့ရာသီ၌ မဲခေါင်ဒေသ တွင် Fire hotspot နှင့်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေ၊ မဲခေါင်ဒေသခွဲ တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လ အတွင်း Fire hotspot အရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း ခန့်လျော့နည်းခဲ့မှုနှင့် ၂၀၂၆ ခုနှစ် ဗီယက်နမ် နိုင်ငံ၌ (၂၁) ကြိမ်မြောက် အာဆီယံနယ်စပ် ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ် ရေး သဘောတူညီချက်ဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးကျင်းပမည့် အခြေ အနေများကို ဆွေးနွေးခဲ့ကြပြီး အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

မြဝတီ

# နမ့်စန်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ နမ့်လစ်ကျေးရွာအုပ်စု၊ ပန်လင်းကျေးရွာရှိဒေသခံပြည်သူများအား စက်တင်ဘာလ ၂ ရက်နေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအဆစ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့်ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးနှင့် ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများ၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသောဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများနှင့် တပ်ရင်းမှူးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ EPI Focal များ၊ WHO၊ UNICEF၊ CHAI အဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး က ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းကိုလည်း အခြေစိုက် ကာကွယ်ဆေးထိုးစုရပ်(Fixed Post)အနေဖြင့် ၂၀၁၆ ခုနှစ်၊ မေလမှစတင်၍ ဆေးရုံ



၈၅ ရုံ၌ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ဆေးရုံ ၄၉ ရုံ၌ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် တပ်မတော်ဆေးရုံလေးရုံအပါအဝင် ဆေးရုံ ၈၂ ရုံ၌ ထိုးနှံနိုင်မည်ဟုသိရှိရကြောင်း၊ အဆိုပါဆေးရုံများ၌ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလမ်းညွှန်သင်တန်းများ ဆောင်ရွက်ရန်အတွက် ဆေးရုံအုပ်ကြီးများနှင့် ညှိနှိုင်းအစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သင်တန်းပေးခြင်းများကိုလည်း စနစ်တကျဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း ဗဟိုအဆင့် ဆရာဖြစ်သင်တန်းကို စက်တင်ဘာလ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

● ကျောဖုံးမှအဆက်

ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲကြီးတွင် နိုင်ငံတကာ အကဲဖြတ်ဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ပြီး ဆားကစ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့သည့် ဦးသန်းထွန်းဦးအား ထပ်ဆင့် အကယ်ဒမီ တစ်သက်တာအကယ်ဒမီဆုရှင် ဒါရိုက်တာပန်းချီစိုးမိုးက ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆားကစ်ပြိုင်ပွဲ၏ အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုရ ဦးထင်လင်း၊ FIAP၊ PSA၊ FPSI၊ PSSA၊ IPC တို့တွင်ရွှေတံဆိပ်ဆုရရှိသူ ၂၀ ဦးအား နာယကများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် FIAP Honorable Mention၊ IPC 2025 Honorable Mention၊ Open Color Category၊ Open Monochrome၊ Portrait Category၊ Life Category တို့တွင် ဂုဏ်ပြုလက်မှတ်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး (ရွှေရတု)ဓာတ်ပုံသင်တန်းအပတ်စဉ်(၅၀)သင်တန်းဆင်းပွဲ အခမ်းအနားကိုဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဝန်းရံခ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၀၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၀၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၀၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၀၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၀၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကယားပြည်နယ် လွိုင်ကော်မြို့ ရေကြီးရေလျှံမှုမှကာကွယ်ရန် ဘီလူးချောင်းရေလမ်းကြောင်း ရှင်းလင်းရေးဆောင်ရွက်

လွိုင်ကော် စက်တင်ဘာ ၃

မိုးသည်းထန်စွာရွာသွန်းပြီး ဘီလူးချောင်းရေမြင့်တက်မှုကြောင့် လွိုင်ကော်မြို့ရှိ အနိမ့်ပိုင်းရပ်ကွက် ကျေးရွာများတွင် ရေကြီးရေလျှံမှုနှင့် ဘီလူးချောင်းကမ်းနားတစ်လျှောက်ရှိ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ယန္တရားများအသုံးပြု၍ ဘီလူးချောင်းရေစီးကြောင်းတစ်လျှောက် သဲနုန်းများနှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ မထောခူကျေးရွာအုပ်စု သတ္တဗလူကျေးရွာ ဘီလူးချောင်းကမ်းနားတစ်လျှောက်ရှိ တောင်သူများ၏ ပြောင်း၊ မြေပဲနှင့်တောင်ယာစပါးစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရေနီကန်ကျေးရွာရှိ Treasure Corn စပါးနှင့် ပြောင်းအခြောက်ခံစက်ရုံ၌ စက်ရုံလည်ပတ်၍ တစ်ရက်လျှင် ပျမ်းမျှတန် ၃၀ ခန့် သီးနှံအခြောက်ခံ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ကျေးရွာအတွင်း မြေပဲနှင့် ပြောင်းသီးနှံများ အချိန်မီရိတ်သိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုသည်။

ယင်းနောက် အခြေခံပညာမူလတန်းကျောင်း(သတ္တဗလူ)၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ ကျောင်းဥပစာရပ်ကောင်းမွန်ရေးအတွက် ကျောင်းနှင့် စာသင်ဆောင်များ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြား၍ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်ရန် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိ



(ဝဲမှယာ) တရားခံ ဉာဏ်လင်း၊ လှခိုင်၊ ထက်အောင်ဇော်နှင့် ဘုန်းမြင့်မြတ်တို့အား သိမ်းဆည်းရမိဘိန်းဖြူ ၈၃ ဒသမ ၁၆ ကီလိုနှင့်အတူ တွေ့ရစဉ်။



တရားခံ စံဝင်းလင်းအား သိမ်းဆည်းရမိ ဘိန်းဖြူ ၃၆ ဒသမ ၉၆ ကီလိုနှင့်အတူတွေ့ရစဉ်။



ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလိုနှင့်အတူ သိမ်းဆည်းရမိသည့် TOYOTA LITEACE မော်တော်ယာဉ်နှင့် IZONE မော်တော်ယာဉ်ကို တွေ့ရစဉ်။




တရားခံ စိုးဝေလွင် ပိုင်ဆိုင်သည့် ဘိန်းဖြူများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များအား သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၅ ရက် ည ၇ နာရီခွဲအချိန် သတင်းအရ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၌ ဉာဏ်လင်း မောင်းနှင်ပြီး လှခိုင် လိုက်ပါလာသော TOYOTA LITEACE မော်တော်ယာဉ်၊ စံဝင်းလင်း မောင်းနှင်သည့် IZONE မော်တော်ယာဉ်နှင့် ထက်အောင်ဇော်မောင်းနှင်သည့်ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် ၂ စီးပေါ်မှ ဘိန်းဖြူအလေးချိန် ၁၂၀ ဒသမ ၁၂ ကီလို( ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲအချိန် ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်မြတ်အား ပြင်ဦးလွင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန် ဘိန်းဖြူများအား တာဝန်ခံ သယ်ဆောင်ခဲ့သူ စိုးဝေလွင် (ဖမ်းဆီးရန်ကျန်)နှင့် တင်မျိုးအောင် (ဖမ်းဆီးရန်ကျန်)တို့ ရှေ့ပြေးအဖြစ် ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် NISSAN AD VAN မော်တော်ယာဉ်အား မြစ်သားမြို့နယ်၊ အမှတ်(၃)ခရိုင်ချင်းဆက်လမ်းတွင်လည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲအချိန် ဘိန်းဖြူများအား မူဆယ်မှရှာင်မြို့နယ်သို့ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် စိုးဝေလွင်ပိုင်ဆိုင်သော HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်အား ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်မှ ရှာင်မြို့နယ်သို့သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်သို့ မော်တော်ယာဉ်များပြောင်းလဲ၍သယ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)







နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


PYIN OO LWIN
Nan Myaing 2+1 coffee
PURE ARABICA COFFEE
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို "ကြာ"
ဆပ်ပြာမှာ "ပဒုမ္မာ"
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

# KNU နှင့်PDFအမည်ခံအကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအနီး Drop Bomb ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၃


အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများထိခိုက်စေရန်ရည်ရွယ်၍ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအနီး Drop Bomb ချတိုက်ခိုက်မှုကြောင့် အရပ်သား ကျား ၉ ဦး၊ မ ၂ ဦး ပေါင်း ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံ။



ထိခိုက်ဒဏ်ရာရရှိခဲ့သည့်သူများ၏မှတ်တမ်းဓာတ်ပုံများ။

KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ပနောကျေးရွာလမ်းဆုံ၌ ရောက်ရှိနေသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား Drop Bomb ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ




ထိုသို့ လုပ်ဆောင်လျက်ရှိရာ **KNU** နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာလမ်းဆုံတွင်ရောက်ရှိနေသော ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား စက်တင်ဘာလ ၂ ရက်နေ့တွင် Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည် အမျိုးသား ၉ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ **KNU** နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့အပေါ် အကြောက်တရား လွှမ်းမိုးစေရန်အတွက် ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအား စက်တင်ဘာလ ၂ ရက်နေ့ ညနေ ၅ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဗုံးသီးသည် ကျိုက်မရောမြို့မှ ကြာအင်းဆိပ်ကြီးသွား ကားလမ်းပေါ်ရှိ ကော့ပနောလမ်းဆုံသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးလှရွှေ ၅၂နှစ်၊ (ဘ)ကော်စမတ် မောင်းနှင်သည့် Super Custom အမျိုးအစား ယာဉ်အမှတ်၊ 9H /...... အဖြူရောင်ခရီးသည်တင် မော်တော်ယာဉ်အနီးသို့ကျရောက်ပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ် တွင်လိုက်ပါလာသည့် ခရီးသည် အမျိုးသား ၉ ဦး၊ အမျိုးသမီး ၂ ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ကျိုက်မရောမြို့ရှိပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၃)သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၃

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၃)၏ သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရှိစစ်ရေးပြကွင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အားအလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအလိုက် တာဝန်ကျေပွန်စွာကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၉၀၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၈၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန်လ ၆ ရက်မှ စက်တင်ဘာလ ၃ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## ၃-၉-၂၀၂၅ မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခရမ်း | ၂ | ဒသမ ၃၆ | လက်မ | ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) | ၁ | ဒသမ ၈၆ | လက်မ |
| လပွတ္တာ | ၂ | ဒသမ ၁၃ | လက်မ | သာစည် | ၁ | ဒသမ ၇၄ | လက်မ |
| ရွှေဘို | ၂ | ဒသမ ၀၉ | လက်မ | မအူပင် | ၁ | ဒသမ ၆၉ | လက်မ |
| မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | ၂ | ဒသမ ၀၁ | လက်မ | ဖျာပုံ | ၁ | ဒသမ ၆၅ | လက်မ |

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဇင်ယော်ကျွန်းကျေးရွာ၊အ.ထ.က(ဂုံညင်းတန်း) Grade-12 မှ မသုသုဝေ၏ဖခင်အမည်မှန်မှာ ဦးကျော်သူရလွင် ၁၄/ဟသတ(နိုင်)၂၇၅၇၅၉ ဖြစ်ပါကြောင်း။ **ဦးကျော်သူရလွင်**

### ဖခင်အမည်မှန်
အ.ထ.က(၂)နတ်မောက်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-12 မှ မနန်းယုမော်၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ၈/နမန(နိုင်)၁၇၅၂၆၂ ဖြစ်ပါကြောင်း။ **ဦးလှအောင်**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်)Grade-12 မှ ပညာသင်ကြားနေသော မောင်ရှိုင်းဖြိုးအောင်၏ဖခင် ဦးနောင်နောင်ထွန်း၏အမည်မှန်မှာ ဦးကျော်ဦး ၁၂/တတက(နိုင်) ၁၂၆၈၀၉ ဖြစ်ပါကြောင်း။ **ဦးကျော်ဦး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၁) Grade-11 သင်ဆဲမှ ကျောင်းဝင်အမှတ် D ၈၄၃၃ မဇွန်ဖူးအိမ်၏ဖခင် ဦးစန်းမြင့်၏အမည်မှန်မှာ ဦးဆန်းမြင့် ၈/တတက(နိုင်) ၁၂၆၉၉၁ ဖြစ်ပါကြောင်း။ **ဦးဆန်းမြင့်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၁) Grade-10 မှ ကျောင်းဝင်အမှတ် D ၇၆၅၀ မသိင်္ဂီရွှေစင်၏ဖခင် ဦးမောင်သန်း၏အမည်မှန်မှာ ဦးသန်း ၈/မသန(နိုင်) ၀၇၁၇၉၃ ဖြစ်ပါကြောင်း။ **ဦးသန်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ RMEC ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းဝင်အမှတ် ၀၂၈၆ Grade-12 မှ မောင်ငြိမ်းချမ်းအောင်၏ဖခင် ဦးဇော်ကြီး၏အမည်မှန်မှာ ဦးမောင်ဇော် ၈/တတက(နိုင်)၁၂၈၀၈၀ ဖြစ်ပါကြောင်း။ **ဦးမောင်ဇော်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၁) Grade-11 သင်ဆဲမှ ကျောင်းဝင်အမှတ် D ၇၉၄၀ မလဲ့လဲ့ဝေ၏ဖခင် ဦးချစ်စန်းကို၏အမည်မှန်မှာ ဦးချစ်ဆန်းကို ၈/တတက(နိုင်)၁၅၁၈၉၅ ဖြစ်ပါကြောင်း။ **ဦးချစ်ဆန်းကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လယ်ဝေးမြို့၊ အ.လ.က(ခွဲ)အောင်မြင်ကုန်း Grade-7 မှ မောင်မင်းခန့်စိုး၏ဖခင် ဦးစိုးမင်းနှင့် ဦးစိုးမင်းနိုင် ၉/လဝန(နိုင်)၁၇၆၈၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးမင်း(ခ)ဦးစိုးမင်းနိုင်**

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်နေ ထွန်းမြတ်သူ(ဘ)ဦးနိုင်ဦး ၉/အမဇ(နိုင်)၀၃၃၁၀၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
စိုင်းပွင့်လင်းအောင်(ဘ)ဦးမြင့်သူ ၁၃/ကတန(နိုင်)၁၁၆၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၀၉၉၉၀၂

### ပျောက်ဆုံးကြောင်း
မလှုထ(ဘ)ဦးအားဖျော် ၁၃/မလန(နိုင်)၀၆၁၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 804404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၅၂၅၂၅

### ပျောက်ဆုံးကြောင်း
နန်းမွေလောင်(ဘ)ဦးစိုင်းရွက် ၁၃/မဖန(နိုင်)၀၃၀၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၃၀၂၈၆၃

### ပျောက်ဆုံးကြောင်း
စိုးညွန့်(ဘ)ဦးညွန့်တင် ၁၄/အဂပ(နိုင်)၁၈၂၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၀၁၈၂၈

### ပျောက်ဆုံးကြောင်း
ခင်ဖြိုးပိုင်(ဘ)ဦးညွန့် ၃/မဝတ(နိုင်)၀၅၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၅၂၅၄၁၀

### ပျောက်ဆုံးကြောင်း
နန်းယုမော်(ဘ)ဦးချိုဦး ၁၂/တတန(နိုင်)၂၄၂၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၀၅၇၄၇၆၅

### ပျောက်ဆုံးကြောင်း
ခင်သီတာစိုးမိုးထွန်း(ဘ)ဦးထွန်းလှ ၁၀/တကန(နိုင်)၀၅၄၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၄၄၂၁၂၉

### ပျောက်ဆုံးကြောင်း
မြင့်မြင့်ကြည်(ဘ)ဦးထွန်းလှ ၁၂/ဗဟန(နိုင်)၀၃၇၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၃၄၇၁၅

### ပျောက်ဆုံးကြောင်း
ခင်နိုင်(ဘ)ဦးတင်ရွှေ ၁၂/လမန(နိုင်)၀၅၀၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၅၀၄၀၉

### ပျောက်ဆုံးကြောင်း
အေးချို(ဘ)ဦးငွေအောင် ၉/ပဘန(နိုင်)၂၄၂၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၃၈၉၀၅၇၃

### ပျောက်ဆုံးကြောင်း
စန်းမော်(ဘ)ဦးဘိုးချို ၁၀/သဖရ(နိုင်)၀၅၄၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၉၇၃၂၄၅

### ပျောက်ဆုံးကြောင်း
ဝင်းကိုကို(ဘ)ဦးအုန်းသောင်း ၁၄/ပပန(နိုင်)၂၅၁၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၄၅၆၉၇၆

### ပျောက်ဆုံးကြောင်း
မနီနီထွေး(ဘ)ဦးမောင်မောင် ၅/ရဥန(နိုင်)၁၃၉၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိန်ဝင်းနိုင်(ဘ)ဦးအောင်ညွန့် ၉/ကပတ(နိုင်)၂၈၃၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
မအေးခန့်မိုး(ဘ)ဦးဆန်းဘို ၉/ရမသ(နိုင်)၂၂၅၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဇလွန်မြို့နယ်၊ အ.မ.က ဆင်ဖြူတော်မှ မူလတန်းကျောင်းအုပ်ဆရာမ အဘ ဦးအောင်စိုးမြင့်၏သမီး ဒေါ်ခင်စပါယ်လှိုင် ၁၂/တကန(နိုင်)၁၁၉၂၂၄ နှင့် ဒေါ်ခင်စံပယ်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ခင်စပါယ်လှိုင်(ခ)ဒေါ်ခင်စံပယ်လှိုင်**

### အမည်မှန်
အထက(၄)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ ဦးရှိန်းကီး ၄/မတန(နိုင်)၀၄၀၅၀၉ ၏သား မောင်ကီးမောင်းအောင်၏အမည်မှန်မှာ မောင်ကီးမောင်းအွမ်ဖြစ်ပါကြောင်း။ **မောင်ကီးမောင်းအွမ်**

### ပျောက်ဆုံးကြောင်း
သင်းမာခိုင်(ဘ)ဦးသာရင် ၉/ပဘန(နိုင်)၂၆၅၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်ခိုင်(ဘ)ဦးညီကြိုင် ၉/ပဘန(နိုင်)၁၉၅၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဥမ္မာအေး(ဘ)ဦးကြည်အေး ၁၂/လမန(နိုင်)၁၂၁၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်မှန်
အထက(၆)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မောင်ဇာနည်မြင့်အောင်၏မိခင် ဒေါ်မိဖြိုး၏အမည်မှန်မှာ ဒေါ်ခင်ဖြိုးကြည် ၁၄/ပသန(နိုင်)၂၆၃၄၉၃ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ဖြိုးကြည်**

### ပျောက်ဆုံးကြောင်း
စိုင်းအောင်စိုးသန်း(ဘ)ဦးဇဝန ၇/ကတခ(နိုင်)၀၈၇၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်မြတ်သူ(ဘ)ဦးမြစံ ၁၂/လမတ(နိုင်)၀၀၂၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စန်းစန်းအေး(ဘ)ဦးအေးလွင် ၁၂/ဒဂဆ(နိုင်)၀၅၈၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အေးမြတ်မွန်(ဘ)ဦးတင်ထွန်းအောင် ၁၂/မရက(နိုင်)၁၉၆၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 767073)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ကြည်ရွှင်(ဘ)ဦးကျော်နီ ၁၂/လမန(နိုင်)၁၁၄၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်ဝေဖြိုး(ဘ)ဦးဇော်လွင် ၈/မဘန(နိုင်)၁၂၉၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်နိုင်စိုး(ဘ)ဦးသောင်းညွန့် ၁၂/အစန(နိုင်)၂၀၀၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နော်ဂေဆဲ(ဘ)စောကြည်ဝင်း ၇/ကတခ(နိုင်)၂၁၁၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နီနီမင်းလွင်(ဘ)ဦးစိုးမင်းလွင် ၁၂/အစန(နိုင်)၂၇၆၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 197064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၂၆၅၆၇

### ပျောက်ဆုံးကြောင်း
နန်းအိမ့်ခမ်းဟွမ်(ဘ)ဦးဇော်မင်းသိန်း ၁၃/မဆတ(နိုင်)၀၅၈၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 851886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၈၉၃၆၅၃

### ပျောက်ဆုံးကြောင်း
နီနီဝင်း(ဘ)ဦးဥာဏ်ဝင်း ၁၄/ကခန(နိုင်)၀၇၄၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ရွှေလှေ)ကျောင်း၊ Grade-11 မှ မနွယ်နီစိုး၏ဖခင်အမည်မှန်မှာ ဦးသက်စိုးခိုင် ၁၀/သထန(နိုင်)၂၀၈၀၀၀ ဖြစ်ပါကြောင်း။ **ဦးသက်စိုးခိုင်**

### ပျောက်ဆုံးကြောင်း
ကျော်နိုင်ဦး(ဘ)ဦးခင်ဝင်း ၁၄/မအပ(နိုင်)၁၉၀၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၂၆၃၅၈၂၆

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးမြင့်လွင် ၅/ယမပ(နိုင်)၁၃၁၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 608926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၈၉၆၄၆၁

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ရွှေလှေ)ကျောင်း၊ Grade-12 မှ နော်ရင်မွေး၏ဖခင်အမည်မှန်မှာ ဦးသန်းမင်းဦး ၁၀/ကမရ(နိုင်)၁၆၅၄၁၇ ဖြစ်ပါကြောင်း။ **ဦးသန်းမင်းဦး**

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊အ.ထ.က(တောင်စွန်း)ကျောင်း၊ Grade-12 မှ မမြစံပယ်၏ဖခင်အမည်မှန်မှာ ဦးဖိုးငို ၁၀/ဘလန(နိုင်)၀၇၉၂၂၄ ဖြစ်ပါကြောင်း။ **ဦးဖိုးငို**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ သရက်ကုန်းကျေးရွာနေ လင်းလင်းနိုင်(ဘ)ဦးအောင်မျိုး ၇/ပခန(နိုင်)၄၇၀၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 415984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

### ပျောက်ဆုံးကြောင်း
နီလာမြင့်(ဘ)ဦးမြင့်သိန်း ၇/သကန(နိုင်)၁၂၇၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**အလိမ္မာစာမှာရှိ**

## ဗိုလ်မှူးကြီးလှမြင့်နိုင်
## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၄)
## အသက်(၅၆)နှစ်

လှိုင်ကော်မြို့နေ (ဦးလှအုန်း+ဒေါ်ညို)တို့၏သား၊ (ဦးမောင်တိုး)+ဒေါ်စိန်ညွန့်တို့၏သားသမက်၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ ဒေါ်ခင်နှင်းလွင်၏ချစ်လှစွာသောခင်ပွန်း၊ မပန်းအိခင်၊ မောင်မင်းခန့်နိုင်တို့၏ချစ်လှစွာသောဖခင် ဗိုလ်မှူးကြီးလှမြင့်နိုင်သည် ၂-၉-၂၀၂၅ ရက်နေ့(အင်္ဂါနေ့) ည ၁၁:၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၅ ရက်နေ့(စနေနေ့)နံနက် ၁၀:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၊ ငြိမ်းအေးဇရပ်မှတရားနာပြီး နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## Insolvency law ပုဒ်မ ၁၄၇။(က)(၁)နှင့် (၂)အရ
## အစုရှင်များ၏ဆန္ဒအလျောက်
## UNITED SHINING STARS COMPANY LIMITED အား
## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ UNITED SHINING STARS COMPANY LIMITED အား (၁၉-၈-၂၀၂၅)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် Insolvency Practitioner (MAIP No. 00090)အား liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Bo Bo Win | U Kyawt Mg |
| Managing Director | Insolvency Practitioner |
| United Shining Stars Co.,Ltd. | (MAIP No.00090) |

### ပျောက်ဆုံးကြောင်း
ဝေါမြို့နယ်နေ ခင်မျိုးခိုင်(ဘ)ဦးအေးမြင့် ၇/ဝမန(နိုင်)၀၇၆၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 644079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပုလဲမြို့နယ်၊ ကြာစီရွာနေ ဆုမွန်ကျော်(ဘ)ဦးအောင်ဆန်းမြင့် ၅/ပလန(နိုင်)၁၃၆၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက လှိုင်သာယာမြို့နယ်၊ တွံတေးမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် နဝဒေးဥယျာဉ်အိမ်ရာရှေ့တွင် စက်ယန္တရားများဖြင့် အမှိုက်များနှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုနှင့်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ လူသွားပလက်ဖောင်းဆောင်ရွက်နေမှုနှင့် အုတ်စီရေမြောင်းဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်း သောင်းကြားချောင်းတံတားတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တွံတေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာများ၊ ဇုန်ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန် ကန်ကြီးကုန်းရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေထုတ်ပွန့်ရေပိုလွှဲ၊ ရေပိုလွှဲမြောင်းကူးတံတားများ ကြံ့ခိုင်မှုနှင့် ဆိုလာစနစ်ဖြင့် ရေစုပ်ပန့်များအသုံးပြု၍ မွေးမြူရေးဇုန်အတွင်းရှိ ဂါလန် ၁၀၀၀၀ ဆံ့ Overhead Tank နှင့် ဂါလန် ၁၀၀၀၀ ဆံ့ မြေအောက်ရေကန်သို့ ရေစုပ်တင်မှုနှင့် ယင်းရေကန်မှ တွံတေးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ ရေဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းတစ်လျှောက် တည်းကုန်းလမ်းဆုံနှင့် လှော်ကားလမ်းဆုံအကြားရှိ ကန်သာယာမှတ်တိုင်အနီးတွင် လမ်းပခုံးမြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကွန်ပျူတာတက္ကသိုလ်ရှေ့တွင် လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မလွတ်ကင်းသည့်ဓာတ်အားလိုင်းများကို ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် အုတ်စီရေမြောင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၂ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၃၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ သာယာကုန်းကျေးရွာ၊ ယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၃) မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၇၅၅၄၄၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Profia Tractor Head (၁)စီး၊ Hyundai Deluxe Tractor Head (၁)စီး၊ Scania Tractor Head (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၄)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀၀၀၀)နှင့် ဘားအံမြို့နယ်၊ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၁၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၆၇၉၁၇၂)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ လှိုင်းဘွဲ့-မြဝတီသွား ကားလမ်းမအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီဂါလန် (၅၂၈၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၆၀၉၀၇၅)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၀၄၃၆၈၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၁ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၃၄၈) တန်၊ သစ်မာ (သုည ဒသမ ၁၄၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂၀၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးအနောက်မြို့ရှောင်လမ်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၈၂၀၅၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၃၁ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ ရေနံချောင်းမြို့နယ်နှင့် ကံမမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇) စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၆၃၂၅၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Forward Light Truck (၁)စီး၊ Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၆၃၂၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၃၁ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်နှင့်ဖျာပုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အင်္ဂပူမြို့နယ်တွင်း၌တရားမဝင်ကျွန်းသစ် (သုည ဒသမ ၀၆၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ **စက်တင်ဘာလ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ် (၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၈၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၆၇၈၁၇၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၃)စီး၊ Hino Ranger Truck (၁) စီး၊ Nissan Diesel Tractor Head (၁) စီး၊ Dong Feng Tractor Head (၁) စီး၊ Mitsubishi Fuso Tractor Head (၁) စီး၊ Scania Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၄) တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၀၀၀၀၀၀)ကို လည်းကောင်း၊ ကော့သောင်းမြို့၊ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၂၃၂၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်နိုင်ငံသားခရီးသည်(၃)ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၆၈၈၄၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ လွယ်စတုံကျေးရွာအနီးရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၄၆၉၃၃၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၃၀ ရက်၊ ၃၁ ရက်၊ စက်တင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၃) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၆၃၇၈၃၂၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

မြဝတီ

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၇˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

❖ မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့သွေးဆုံစွာ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်းဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus(TBEA) ကုမ္ပဏီသို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၃

တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့သွားရောက်ကြည့်ရှုလေ့လာသည်။


ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် ကုမ္ပဏီဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ⊃




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီရုံးခန်း၌ခင်းကျင်းပြသထားမှုများကိုလှည့်လည်ကြည့်ရှုလေ့လာစဉ်။

## မြန်မာ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက သုံးနိုင်ငံ FIAP ၊ PSA အသိအမှတ်ပြု နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်ဆုများဆွတ်ခူး




ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံဓာတ်ပုံအသင်း(Myanmar Photographic Society)၏ မြန်မာ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက သုံးနိုင်ငံ FIAP ၊ PSA အသိအမှတ်ပြု နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် (ရွှေရတု) ဓာတ်ပုံသင်တန်းအပတ်စဉ်(၅၀)သင်တန်းဆင်းပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းရုံး၌ ပြုလုပ်သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်များကိုယ်စားနာယက ဦးဖေမြင့်ဦးက သုံးနိုင်ငံ FIAP ၊ PSA အသိအမှတ်ပြု နိုင်ငံတကာဓာတ်ပုံပြပွဲ ဆားကစ်ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ရသည့်အတွေ့အကြုံများကို စာမျက်နှာ ၂၆ ကော်လံ ၃ ●

## ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်

စာ - ၁၁ သို့

## ၂၀၂၆ ယူ- ၂၃ အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ သရေရလဒ်ထွက်ပေါ်

စာ - ၂၅ သို့

## ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလိုဖမ်းဆီးရမိ

စာ - ၂၇ သို့